## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး
## (၁၃)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၇ ရက် )

[အင်္ဂါနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ်များ စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

### အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၅.၂၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ အလုပ်ရုံဆွေးနွေးပွဲ။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကျောင်းဖွင့်ပွဲ။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကျန်းမာရေး။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ကျန်းမာရေး။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ကျန်းမာရေး။ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ ကိုယ်ရေးကိုယ်တာ။ ဦးတင်မြင့်၊ ပဲခူး(၃)၊ ကျန်းမာရေး။ ဗိုလ်မှူးစိုးမိုး၊ တပ်မတော်၊ တာဝန်။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ကျန်းမာရေး။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ တပ်မတော်၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ အစည်းအဝေး။ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ အစည်းအဝေး။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ အစည်းအဝေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ အစည်းအဝေး။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ အစည်းအဝေး။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ အစည်းအဝေး။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ အစည်းအဝေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၄)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ဝန်ထမ်းခန့်ထားရန် အခွင့်အလမ်းပေါ်လာသည့်အချိန်တွင် အသက်သတ်မှတ်ချက် ကျော်လွန်သော ဘွဲ့ရလူငယ်များ၏ အသက်ကို ပြန်လည်လျှော့ပေါ့ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် က ဝန်ထမ်း ခန့်ထားရန် အခွင့်အလမ်း ပေါ်လာသည့်အချိန်တွင် အသက်သတ်မှတ်ချက် ကျော်လွန်သော ဘွဲ့ရလူငယ် များ၏အသက်ကို ပြန်လည်လျှော့ပေါ့ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)။** ။ အားလုံး မင်္ဂလာပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ကော်မရှင်အဖွဲ့ဝင်များခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဝန်ထမ်းခန့်ထားရန် အခွင့်အလမ်း ပေါ်လာတဲ့အချိန်မှာ အသက်ကန့်သတ်ချက် ကျော်လွန်သော ဘွဲ့ရလူငယ်များရဲ့ အသက်ကို ပြန်လည်လျှော့ပေါ့ပေးပါရန် အစီအစဉ် ရှိ/မရှိ ကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဟားခါးမြို့နယ် တစ်မြို့နယ်တည်း မဟုတ်သော ဝန်ထမ်းခန့်ထားရေးမှာ ယခုအစိုးရလက်ထက်တွင်သာ ခန့်ထားရန် အခွင့်အလမ်း ပေါ်ပေါက်နေသောကြောင့် ယခင်အစိုးရ လက်ထက်၌ တက္ကသိုလ်ကျောင်း ပြီးမြောက်ပြီး ဘွဲ့ရသော်လည်း ဝန်ထမ်းခန့်ထားမှု လုံးဝမရှိတဲ့အတွက် ရှိရင်လည်း ကုန်ကျစရိတ် များလွန်းနေပြီး၊ မတတ်နိုင်သော လူငယ်များမှာ အလုပ်လက်မဲ့ဘဝနဲ့ လူငယ် အများစုများမှာ ပြည်ပသို့ ထွက်ခွာကြသလို၊ ပြည်ပသို့ အလုပ်အကိုင် ရှာဖွေထွက်ခွာရန် အခက်အခဲ ရှိသော လူငယ်များသာ ဟားခါးမြို့အပါအဝင်နဲ့ ပြည်နယ်တစ်ခုလုံး၊ မြန်မာပြည်တစ်ခုလုံးတွင် အချို့သော လူငယ်များ ဘဝပျက်စီးပြီး အလေအလွင့်လူငယ်များ မြောက်များစွာ ရှိနေခြင်းသည် သူတို့ လူငယ်တွေရဲ့ အပြစ်မဟုတ်ဘဲ နိုင်ငံတော်မှ အလုပ်ခန့်ထားနိုင်မှု မရှိသောကြောင့်ဖြစ်သည်ကို တစ်ပြည်လုံးအတိုင်းအတာ အရ သိရှိနားလည်ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု အစိုးရလက်ထက် ဝန်ထမ်းခန့်ထားရာ၌ ယခုတက္ကသိုလ်ကျောင်း ပြီးဆုံးတဲ့ ဘွဲ့ရလူငယ်အတွက်တော့ ပြဿနာမဟုတ်ပါ။ ယခင်အစိုးရလက်ထက်တွင် နိုင်ငံတော်မှ အလုပ် မပေးနိုင်သော လူငယ်အများစုကို ပုံသေသတ်မှတ်ထားသော ဝန်ကြီးဌာန အသက်ကန့်သတ်မှုအပေါ် ပြန်လည်သတ်မှတ်ရေးအတွက် မသုံးသပ်ပါက လူငယ်တို့ရဲ့ ဘဝပျက်စီးမှုသည် နိုင်ငံတော်သာ တာဝန်ရှိ နေသောကြောင့် ဌာနအလိုက် အသက်ကန့်သတ်မှုကို ဖြစ်နိုင်သော အတိုင်းအတာအထိ လျှော့ပေါ့ပေးရန် လိုအပ်ကြောင်းကို မိဘပြည်သူများ၊ မိမိသား/သမီး အလုပ်လက်မဲ့ဖြင့် မိဘအနား ခိုကပ်နေကြသော လူတိုင်းက ဆန္ဒရှိနေကြပါသည်။ ကျွန်တော်တို့ ဟားခါးမြို့မှာ ကျေးရွာဆန္ဒအရ (၃၅)နှစ်အထိ လျှော့ပေး စေချင်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။ မေလအတွင်း ဟားခါးမြို့မှာ အလုပ်ခန့်ထားတဲ့ အင်တာဗျူးတစ်ခု ပြုလုပ်ရာမှာ အသက်(၂၅)နှစ်အထိသာ အလုပ်ခန့်ထားခံရပြီး၊ (၂၅)နှစ်ကျော်သော လူငယ်များကို အပယ်ခံဘဝသို့ ရောက်ရှိကြကြောင်းကိုလည်း ကြားသိရပါတယ်။ ကျေးရွာများရဲ့ သဘောထားများကိုလည်း ပူးတွဲတင်ပြထားပါတယ်။ အချိန်ကို ငဲ့ညှာသောအားဖြင့် မတင်ပြတော့ပါ။

သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို ကျွန်တော် နံပါတ်(၁) ဝန်ကြီးဌာနတိုင်းမှ အသက် ကန့်သတ်မှုကို ယခင် အစိုးရလက်ထက်တွင် အောင်မြင်ခဲ့ကြသော လူငယ်များ အထူးစဉ်းစားပေးရေး အသက်ကို (၃၅)နှစ်အထိ လျှော့ပေါ့စဉ်းစားပေးရန် အစီအစဉ် ရှိ/မရှိ။ (၁) လူငယ်များရဲ့ အပြစ်မဟုတ် အစိုးရရဲ့ တာဝန်ဖြစ်ကြောင်းကို ထောက်ရှုပြီး၊ လူငယ်အချို့ ဘဝမပျက်စီးအောင် ပြန်လည်စဉ်းစားရန် သင့်၊ မသင့်။ (၈) ဟားခါးမြို့နယ် သို့မဟုတ် ချင်းပြည်နယ်အတွင်း အသက်အရွယ် ကန့်သတ်မှုကို ချင်းပြည်နယ်ရဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်း အဟန့်အတားတစ်ခုဖြစ်နေမှုကို အစိုးရမှ ပြန်လည်

စဥ်းစားသင့်၊ မသင့်။ (ဃ) ဟားခါးမြို့နယ် တစ်ခုတည်းမဟုတ်ပါ။ ချင်းပြည်နယ်တစ်ခုလုံးအတွက် ဒေသခံတိုင်းရင်းသားများ၊ သက်ဆိုင်ရာ မြို့နယ်များမှ လူငယ်များကို ဦးစားပေး အလုပ်ခန့်ထားပေးရေးသည် ချင်းပြည်နယ် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကဏ္ဍတွင် အလွန်အရေးကြီးပါကြောင်း၊ အရည်အချင်း တစ်ခုတည်းနဲ့ မဆုံးဖြတ်သင့်ပါကြောင်းကို အစိုးရမှ ပြန်လည်သုံးသပ်စဥ်းစားပေးပါရန် ဟားခါးမြို့နယ် လူငယ်များ၊ ချင်းပြည်နယ်အတွင်း လူငယ်များ၊ မိဘများကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌ က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၃။**

**ဦးကျော်သူ (ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များအားလုံးကို ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ခုန ချင်းပြည်နယ် အမှတ်(၄)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် က ဝန်ထမ်းများ ခန့်ထားရာမှာ အသက်ကန့်သတ်မှုနဲ့ စပ်လျဥ်းပြီး အချက်(၄)ချက်ပါတဲ့ ကြယ်ပွင့်ပြမေးခွန်းတစ်ရပ်ကို မေးမြန်းတင်သွင်းသွားခဲ့ပြီး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် မှ ဝန်ကြီးဌာနတိုင်းမှာ အသက်ကန့်သတ်မှုကို ယခင်အစိုးရလက်ထက်တွင် အောင်မြင်ခဲ့ကြသော လူငယ်များ အထူးလျှော့ပေါ့စဥ်းစားပေးရန် အစီအစဥ် ရှိ/မရှိ ဆိုပြီး မေးထားတဲ့ ပထမအချက်နဲ့ စပ်လျဥ်းပြီး ဖြေကြားတင်ပြရမယ်ဆိုရင် ကျွန်တော်တို့ ဝန်ထမ်းတစ်ဦးကို ဖွဲ့စည်းပုံပါ ရာထူးတစ်နေရာမှာ အတည်ပြုခန့်ထားကြတဲ့အခါမှာ နိုင်ငံ့ဝန်ထမ်းဥပဒေများ၊ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဃ)အရ ဝန်ထမ်းသည် အသက်(၁၈)နှစ်ပြည့်ပြီး ဖြစ်ရမည်ဟု သတ်မှတ် ပြဋ္ဌာန်းထားချက်မှ တစ်ပါး အမှုထမ်းကိုပဲဖြစ်စေ၊ အရာထမ်းအဆင့်ကိုဖြစ်စေ အသက်ကိုမည်၍မည်မျှ ကန့်သတ်ပြီး ရွေးချယ်ခန့်ထားရမည်ဆိုပြီး ပြဋ္ဌာန်းထားခြင်း မရှိပါဘူး။

ဒီလို စတင်ခန့်ထားရမယ့် အသက်ကို (၁၈)နှစ်ဆိုပြီး သတ်မှတ်ထားရခြင်းဟာလည်း တည်ဆဲ ပင်စင်စည်းမျဥ်းများအရ လုပ်ထုံးလုပ်နည်းများနဲ့အညီ ပင်စင်လုပ်သက် ရေတွက်နိုင်ရန်အတွက် ရည်ရွယ် ဆောင်ရွက်ထားခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ အဖွဲ့အနေနဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ(က)၊ တစ်ဖန် ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းဥပဒေများ၊ နည်းဥပဒေ ၇ မှ ၁၈ အထိ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၇ တို့မှာ ပြဋ္ဌာန်းထားတဲ့ အချက်များနဲ့အညီ ဝန်ထမ်းအဖွဲ့အစည်း အသီးသီးမှာ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးနေရာ လစ်လပ်မှုရှိတဲ့အတွက် ပြင်ပပုဂ္ဂိုလ်များ ခန့်ထားလိုကြောင်း အဆိုပြုလာမှုအပေါ် မူတည်ပြီး ကြော်ငြာခေါ်ယူပေးခြင်း၊ ရေးဖြေစာမေးပွဲ စစ်ဆေးပေးခြင်း၊ စိတ်အခြေအနေ စစ်ဆေးခြင်းနဲ့ နောက်ဆုံး လူတွေ့စစ်ဆေးခြင်းများကို အဆင့်ဆင့်ဆောင်ရွက်ပြီးမှသာ အဆိုပြုတဲ့ အရေအတွက်အတိုင်း ရွေးချယ်ပေးခြင်းလုပ်ငန်းတာဝန်ကို အဓိက ဆောင်ရွက်ပေးလျက် ရှိပါတယ်။

သို့ဖြစ်ရာ ဝန်ကြီးဌာနများရဲ့ ဖွဲ့စည်းပုံပါရာထူးမှာ အတည်ပြုခန့်ထားနိုင်မယ့် ဝန်ထမ်းရဲ့ အသက်ကို လျှော့ပေါ့ပေးတာ၊ တိုးမြှင့်ပေးတာ၊ ဒါတွေဟာ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်း တို့ကသာ သတ်မှတ်ခြင်းဖြစ်ကြောင်းကိုလည်း ဒီနေရာမှာ အသိပေးတင်ပြလိုပါတယ်။ ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်း အသီးသီးတို့ရဲ့ လုပ်ငန်းသဘောသဘာဝတွေဟာလည်း တူညီမှုမရှိကြတဲ့အတွက် ပညာ အရည်အချင်း၊ အသက်ကန့်သတ်ချက်တွေဟာလည်း တစ်ပြေးညီ တူညီနိုင်ကြလိမ့်မယ် မဟုတ်လို့ ဒီလိုပဲ သုံးသပ်မိပါတယ်။ အသက်ကန့်သတ်ချက်နဲ့ ပတ်သက်ပြီး ရာထူးဝန်အဖွဲ့ရဲ့ ယနေ့အထိတိုင် ကျင့်သုံး လျက်ရှိတဲ့ မူဝါဒဆုံးဖြတ်ချက်ကို အသိပေးတင်ပြရမယ်ဆိုရင် ၁၉၈၆ ခုနှစ်၊ အစည်းအဝေး အမှတ်စဉ်၊ ၄/၈၆ နဲ့ ၂၀၀၀ ပြည့်နှစ်၊ အစည်းအဝေးအမှတ်စဉ်၊ ၆/၂၀၀၀ တို့ရဲ့ ဆုံးဖြတ်ချက်များအရ ပြန်တမ်းဝင် အရာရှိအဆင့် စတင်ခန့်ရာထူးအတွက် အသက်သတ်မှတ်ချက်ကို ပြင်ပမှ ဖြေဆိုမယ့်ပုဂ္ဂိုလ်ဖြစ်လို့ရှိရင် (၃၅)နှစ်၊ ဌာနဆိုင်ရာဝန်ထမ်းဖြစ်လို့ရှိရင် (၄၀)နှစ်နှင့်အထက် မကျော်လွန်စေရ ဆိုပြီး ယေဘုယျအားဖြင့် သတ်မှတ်ထားရှိပါတယ်။ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးတို့မှလည်း ဒီလိုသတ်မှတ်ထားတဲ့အတိုင်း အဆိုပြုလျက်ရှိနေတာကို သတိပြုမိပါတယ်။

သို့ဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးစတီဗင်သာဘိတ် ရဲ့ တင်ပြ ချက်မှာ ကျေးရွာများရဲ့ဆန္ဒအရ (၃၅)နှစ်အထိ လျှော့ပေးစေချင်ကြောင်း ဖော်ပြတင်ပြခြင်းမှာ သီးခြား ဆောင်ရွက်ပေးရန်ပင် မလိုအပ်ပါကြောင်းကို ဖြေကြားတင်ပြလိုပါတယ်။

ဒီနေရာမှာတစ်ချက် ခြွင်းချက်အနေနဲ့ တင်ပြလိုတာကတော့ တစ်ခါတစ်ရံမှာ အချို့သော ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းများအနေနဲ့ ရာထူးအဆင့် ခါးဆက်မပြတ်စေဖို့၊ တစ်ဖန် မျိုးဆက်သစ် အရာထမ်းငယ်များ မွေးမြူပျိုးထောင်ရန် လိုအပ်ချက်အရ သူတို့ရဲ့ လုပ်ငန်းသဘောသဘာဝနဲ့ လျော်ညီတဲ့ အသက်နဲ့ ပညာအရည်အချင်း တို့ကို အထူးကိစ္စရပ်အနေဖြင့် သီးခြားသတ်မှတ်ပြီး ကြော်ငြာခေါ်ယူ ရွေးချယ်ပေးဖို့ ကျွန်တော်တို့ဆီကို အဆိုပြုလာခြင်းများလည်း ရှိတတ်ပါကြောင်းကို ဖြည့်စွက်ရှင်းလင်း ဖြေကြားလိုပါတယ်။

ဒုတိယအချက်အနေနဲ့တော့ ယခင်အစိုးရလက်ထက်၌ တက္ကသိုလ်ကျောင်း ပြီးမြောက်ပြီး ဘွဲ့ရသော်လည်း ဝန်ထမ်းခန့်ထားမှုလုံးဝမရှိတဲ့အတွက် အလုပ်လက်မဲ့ဘဝနဲ့ လူငယ်အများစုမှာ ဘဝ ပျက်စီးပြီး၊ အလေအလွင့် လူငယ်များ မြောက်များစွာရှိနေခြင်းဟာ လူငယ်များရဲ့ အပြစ်မဟုတ်၊ အစိုးရရဲ့ တာဝန်ဖြစ်ကြောင်းကို ထောက်ရှုပြီး လူငယ်အချို့ ဘဝမပျက်စီးအောင် ပြန်လည်စဉ်းစားရန် သင့်၊ မသင့် ဆိုတဲ့ မေးမြန်းထားခြင်းပဲ ဖြစ်ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ယခင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အနေနဲ့ တပ်မတော်အစိုးရ လက်ထက်ဖြစ်တဲ့ ၁၉၈၈ ခုနှစ်ကနေပြီး ၂၀၁၁ ခုနှစ်၊ မတ်လအထိ ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းအသီးသီးရဲ့ လိုအပ်ချက်အရ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးများအတွက် စီစဉ်ဆောင်ရွက်ပေးမှုများကို ကျွန်တော်တို့ ပြန်လည်ပြီး စိစစ်ခဲ့ပါတယ်။ ဒီလိုစိစစ်တဲ့အခါမှာ ခုနတင်ပြတဲ့ တပ်မတော်အစိုးရလက်ထက် အတွင်းမှာ ပေါ်ပေါက်ခဲ့တဲ့ လစ်လပ်ရာထူးနေရာဟာ (၂၃၂၇၈)နေရာရှိခဲ့ပြီး ဒီအတွက် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ကနေ ကြော်ငြာထုတ်ပြန်ခဲ့တဲ့ အကြိမ်ပေါင်းဟာ (၈၁၃)ကြိမ် ရှိခဲ့ပါတယ်။ ဒီအတွက်ကို လျှောက်ထားတဲ့ကလေးများ အရေအတွက်ကလည်း (၁၀၈၄၂၁)ဦးရှိခဲ့ပြီးတော့ အဆုံးသတ်ရွေးချယ် ပေးတဲ့ အရေအတွက်ဟာ (၂၀၇၄၅)ဦး ရှိခဲ့ကြောင်း စိစစ်တွေ့ရှိခဲ့ပါတယ်။

ခုန ကျွန်တော်တင်ပြခဲ့တဲ့ (၂၀၇၄၅)ဦးဆိုတာ ရာထူးဝန်အဖွဲ့ကနေပြီး အရာထမ်း ခန့်ထားဖို့အတွက် သက်သက်ရွေးပေးခဲ့တဲ့ အရေအတွက်ပဲဖြစ်ပါတယ်။ ဒီအတွက် ယခင်အစိုးရ တာဝန်ယူခဲ့တဲ့ကာလအတွင်းမှာ ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်း အသီးသီးအနေနဲ့ကလည်း သူတို့ရဲ့ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ အမှုထမ်းအဆင့် စတင်ခန့်ရာထူးများဖြစ်တဲ့ သရုပ်ပြလိုမျိုး၊ နည်းပြတွေ၊ ဒု-ဦးစီးမှူးတွေ၊ လက်ထောက်ကွန်ပျူတာစစ်ဆေးရေးမှူး၊ အငယ်တန်းစာရေး စတဲ့ ရာထူးများအတွက် သတ်မှတ်ထားတဲ့ ပညာအရည်အချင်းနဲ့ ညီညွတ်တဲ့ ဘွဲ့ရလူငယ် အများအပြားကိုလည်း ရွေးချယ်ခန့်ထားခဲ့မှာ ဧကန်မလွဲ ဖြစ်ပါတယ်။ ဒီကာလက အမှုထမ်းများအဖြစ်နဲ့ ဝင်ရောက်ခဲ့တဲ့ ကလေးများ အချို့ဆိုရင်လည်း ရာထူးအဆင့်ဆင့် တိုးမြှင့်ပြီး အခုအချိန်မှာ အရာရှိဖြစ်သူလည်း ဖြစ်နေကြပြီ ဖြစ်ပါတယ်။

သို့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ရဲ့ တင်ပြချက်စာပိုဒ်(၁)မှာ ပါရှိတဲ့အတိုင်း ယခင်အစိုးရလက်ထက်၌ တက္ကသိုလ်ကျောင်းပြီးမြောက်ပြီး ဘွဲ့ရသော်လည်း ဝန်ထမ်းခန့်ထားမှု လုံးဝမရှိကြောင်း ဖော်ပြထားမှုဟာ မှန်ကန်မှုမရှိတဲ့အတွက် ဒီကိစ္စနဲ့ပတ်သက်ပြီး ပြန်လည်စဉ်းစားပေးရန်မှာ ဆီလျော်သင့်လျော်မှု မရှိပါကြောင်းကို ရှင်းလင်းဖြေကြားလိုပါတယ်။

တတိယအချက်ဖြစ်တဲ့ ဟားခါးမြို့နယ်အတွင်း အသက်အရွယ်ကန့်သတ်မှုကို ချင်းပြည်နယ်နဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်း အဟန့်အတားတစ်ခု ဖြစ်နေမှုကို အစိုးရမှ ပြန်လည်စဉ်းစားဖို့ သင့်၊ မသင့်။ နောက် တစ်လက်စထဲမှာပဲ စတုတ္ထအချက်ဖြစ်တဲ့ ဟားခါးမြို့နယ် တစ်ခုတည်းမဟုတ်၊ ချင်းပြည်နယ် တစ်ခုလုံးအတွက် သက်ဆိုင်ရာမြို့နယ်များမှ လူငယ်များကို ဦးစားပေး အလုပ်ခန့်ထားပေးရေးသည် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကဏ္ဍတွင် အရေးပါကြောင်းကို အစိုးရမှ ပြန်လည်သုံးသပ် စဉ်းစားပေးရေးဆိုတဲ့ မေးခွန်းတို့နဲ့ စပ်လျဉ်းပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့ ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းအသီးသီးတို့မှ ပြန်တမ်းဝင်အရာရှိ စတင်ခန့်ရာထူးနေရာ လစ်လပ်မှုရှိတဲ့အတွက် ရွေးချယ်ပေးရန် အဆိုပြုလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၈ နှင့် ပုဒ်မ ၃၅၂၊ တစ်ဖန်နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၇၃ တို့မှာ နိုင်ငံ့ဝန်ထမ်း ရွေးချယ်တာဝန်ပေးရာတွင် သတ်မှတ်သော အရည်အချင်းနဲ့ ပြည့်စုံပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာသာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ ဟူ၍ သတ်မှတ်ပြဋ္ဌာန်းချက်များနဲ့အညီ ရွေးချယ်ပေးလျက်ရှိပါကြောင်း တင်ပြလိုပါတယ်။

တစ်ချိန်တည်းမှာတော့ အခုလို ဝေးလံခေါင်သီဒေသမှ ရေးဖြေစာမေးပွဲကို ကြိုးစားဖြေဆို အောင်မြင်ခဲ့ပြီး လူတွေ့၊ နှုတ်ဖြေ ဖြေဆိုတဲ့အဆင့်သို့ ရောက်ရှိလာတဲ့လူငယ်လူရွယ်များကို အလုပ်အကိုင်ရရှိရေးအတွက်ကို အထူးဦးစားပေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်းလည်း ဖြည့်စွက်အသိပေး တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအချက်အနေဖြင့် အသိပေးတင်ပြလိုတာကတော့ ၂၀၁၁ ခုနှစ်မှာ နိုင်ငံတော်အစိုးရသစ် ပေါ်ပေါက်ခဲ့ပြီးနောက်ပိုင်း နိုင်ငံတော်သမ္မတကြီး၏ စေတနာထား လမ်းညွှန်မှုအရ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့် ရာထူးနေရာလစ်လပ်မှု ရှိသည့်အတွက် ရေးဖြေစာမေးပွဲ ဖြေဆိုခြင်း ပြုလုပ်တဲ့နေရာမှာ ယခင်ကလို နေပြည်တော် တစ်နေရာတည်းမှာပဲ စာစစ်ဌာနဖွင့်ပြီး အနယ်နယ် အရပ်ရပ်မှ ကလေးတွေ အချိန်ကုန်၊ ငွေကုန်ကြေးကျခံပြီး လာရောက်ဖြေဆိုကြရခြင်း

မဟုတ်တော့ဘဲ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၌ စာစစ်ဌာန Center (၁၅)ခု ဖွင့်လှစ်ပြီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အရာထမ်း၊ အမှုထမ်းများကို စေလွှတ်စစ်ဆေး ရွေးချယ်ပေးလျက်ရှိပါတယ်။

ဒါကြောင့်လည်း အခုအခါမှာ လျှောက်ထားသူ၊ ဖြေဆိုသူအရေအတွက်ဟာ ယခင်ကထက် ပိုမိုများပြားလာသည်ကို တွေ့မြင်ရပြီး၊ ချင်းပြည်နယ်အပါအဝင် ဝေးလံခေါင်သီဒေသများမှ ဘွဲ့ရ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်သလို နိုင်ငံတော်အစိုးရရဲ့ ဆင်းရဲ နွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်မှာလည်း အထောက်အကူပြုလျက် ရှိပါတယ် ဆိုတဲ့ အကြောင်းကို အသိပေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရန်ကုန်မြို့တွင် အသစ်ထပ်မံ တည်ဆောက်မည့် ခုံးကျော်တံတားများနှင့် တောင်ဒဂုံ၊ မြောက်ဒဂုံ ဆက်သွယ်ရေး ပြည်ထောင်စုလမ်းမကြီး တိုးချဲ့ဖောက်လုပ်သွားမည့် အစီအစဉ်တို့ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က ရန်ကုန်မြို့တွင် အသစ်ထပ်မံ တည်ဆောက်မည့် ခုံးကျော်တံတားများနှင့် တောင်ဒဂုံ၊ မြောက်ဒဂုံ ဆက်သွယ်ရေး ပြည်ထောင်စုလမ်းမကြီး တိုးချဲ့ဖောက်လုပ်သွားမည့် အစီအစဉ်တို့ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော် တင်ပြမေးမြန်းလိုတဲ့ မေးခွန်း ကတော့ ထပ်မံ အသစ်တည်ဆောက်မယ့် ခုံးကျော်တံတားတွေ အစီအစဉ်နဲ့ တောင်ဒဂုံ၊ မြောက်ဒဂုံ ဆက်သွယ်ရေး ပြည်ထောင်စုလမ်းမကြီး တိုးချဲ့ဖောက်လုပ်သွားရန် အစီအစဉ်တို့ကို သိရှိလိုပါကြောင်း မေးမြန်းခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မြို့မှာ ယာဉ်ကြောပိတ်ဆို့မှု များပြားလာ တာဟာ ဥက္ကဋ္ဌကြီးလည်း အသိပဲဖြစ်ပါတယ်။ အခု အသစ် ဆောက်လုပ်ပေးလိုက်တဲ့ ရွှေဂုံတိုင် ခုံးကျော် တံတားနဲ့ လှည်းတန်းခုံးကျော်တံတားနှစ်ခုဟာ အင်မတန်ထိရောက်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ လှည်းတန်းခုံးကျော်တံတားမှာ အခုဆိုရင် ပြည်လမ်းကိုပဲ ခုံးကျော်လုပ်ထားတာရှိတယ်။ တကယ်လို့ အင်းစိန် ကနေ တက္ကသိုလ်ရိပ်သာလမ်းဘက်ကို ဒီလိုမျိုး တစ်ခါထပ်ပြီး ခုံးကျော်မယ်။ ဒီဘက်ကနေ လှည်းတန်း ဘက်ကနေ ဟိုဘက်ကို ထပ်ပြီးခုံးကျော်မယ်။ အဲဒီမှာတင် ခုံးကျော်(၃)ခုလောက်ကို တစ်ပြိုင်နက်တည်း လုပ်လိုက်ရင် မီးပွိုင့်ပျောက်စနစ် ဖြစ်သွားမယ်။ အခု အဲဒီနေရာမှာ တစ်ဖက်ကတော့ လွတ်တယ်။ ဟိုဘက်ကျတော့ မြေနီကုန်းကျတော့ တစ်ခါ ပြန်ပိတ်ပြန်တယ်။ ဆိုတော့ ဒါတွေဟာ ဒီနှစ်ခုတည်း

ဆောက်ပြီးတော့ အားရကျေနပ်ပြီးတော့ တို့ ဆောက်ပြီးသွားပြီလို့ ဆိုရင်တော့ ဒါ မဖြစ်သေးဘူး။ Budget Year အလိုက် ဒါပြီးရင် ဘာဆက်ဆောက်မယ်၊ ဘာဆက်ဆောက်မယ်၊ ဘာဆက်ဆောက်မယ်ဆိုတဲ့ Plan တွေကို ပြည်သူလူထုကို ချပြထားရင် လတ်တလောပိတ်ဆို့မှုများပဲ ဖြစ်လိမ့်မယ်။ ခဏနေ နောက်လာမယ့် တံတားတွေကြောင့် တို့ မကြာခင် ချောင်ချောင်လည်လည် စီးရတော့မှာပါလို့ လူထုက စိတ်ဖြေသာနိုင်မယ်လို့ ကျွန်တော် ထင်တယ်။ အခုဟာတော့ နှစ်ခုတည်းနဲ့ ပြီးသွားပြီလား၊ နောက်ထပ် လုပ်ဦးမလား ဆိုတာကို ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်း သိချင်ပါတယ်။

နောက်တစ်ခုက ဒုတိယမေးခွန်းက တောင်ဒဂုံ၊ မြောက်ဒဂုံ ဆက်သွယ်တဲ့လမ်း အဲဒီတောင်ဒဂုံ၊ မြောက်ဒဂုံ ဆိုတာ မြို့သစ်တွေအားလုံးထဲမှာ အစည်ကားဆုံးမြို့ ဖြစ်ပါတယ်။ ကျန်တဲ့ ရွှေပြည်သာတို့၊ ရွှေပေါက်ကံတို့၊ ပတ္တမြားမြို့သစ်တို့ အဲဒါတွေထက်စာရင် တောင်ဒဂုံ၊ မြောက်ဒဂုံက အရမ်းစည်ကားပြီးတော့ ဖွံ့ဖြိုးတိုးတက်တဲ့ မြို့သစ်တစ်ခု ဖြစ်တယ်။ အဲဒီမြို့သစ်ကို ဝင်တဲ့လမ်း အခုဆိုရင် တောင်ဥက္ကလာကနေ ဝင်တဲ့ တံတားကြီးကို နှစ်စင်းလုပ်လိုက်တဲ့အတွက် ပင်လုံလမ်းကြီးက အင်မတန် ကျယ်သွားတယ်။ ဟိုဘက်ကလည်း မြောက်ဥက္ကလာကဝင်တဲ့ ဗထူးလမ်းကြီးကို နှစ်ဆလောက် ချဲ့လိုက်တဲ့အတွက် လမ်းကြီးဟာ နှစ်ခုလုံးဟာ တအားကျယ်သွားပြီးတော့ အတွင်းက ဆက်သွယ်တဲ့လမ်းကျတော့ တစ်လမ်းတည်း ဖြစ်နေတယ်။ ဆိုလိုတာက ကန်တော့ထဲမှာ အကုန်လုံး ထည့်လိုက်သလို ဟိုဘက်ကကျတော့ အထဲထဲဝင်တော့ ပြွန်လို ကျဉ်းသွားတယ်။ ဆိုတော့ ဟိုဘက်က လမ်းကြီးနှစ်ခုကို ချဲ့သလို ပြည်ထောင်စုလမ်းမကြီးကိုလည်း ချဲ့ပေးလိုက်မယ်ဆိုရင် လမ်းချဲ့ဖို့လည်း နေရာရှိပြီးသား ဖြစ်တယ်။ အဲဒီ လက်ရှိလမ်းရဲ့ အရှေ့ဘက်မှာ ဘေးက စိုက်ထားတဲ့သစ်ပင်တွေရဲ့ ဘေးမှာ တစ်လမ်းစာအကျယ် ရှိပြီးသား ဖြစ်တယ်။

လောလောဆယ်တော့ အဲဒီလမ်းမှာ လက်ဖက်ရည်ဆိုင်တွေ၊ စားသောက်ဆိုင်တွေက တိုးချဲ့ပြီးတော့၊ ကျူးကျော်ပြီးတော့၊ မြေတွေဖို့ပြီးတော့ လုပ်ထားတာ တွေ့ရတယ်။ တကယ်လို့သာ အဲဒီနေရာမှာသာ တောင်ဒဂုံ၊ မြောက်ဒဂုံ ဆက်သွယ်တဲ့ ပြည်ထောင်စုလမ်းမကြီးကိုသာ ချဲ့လိုက်မယ်ဆိုရင် လက်ရှိ (၇/၈)လမ်းဆုံတို့၊ ဘာတို့ဆို အင်မတန် ပိတ်ဆို့ပါတယ်။ (၁)နာရီ (၂)နာရီလောက် ကြာအောင်ကို ပိတ်ဆို့နေပါတယ်။ မော်တော်ပီကယ်လည်း မနိုင်ပါဘူး။ အဲဒီအနေအထားမှာ အသွားလမ်း၊ အပြန်လမ်းကို တောင်ဒဂုံ၊ မြောက်ဒဂုံလမ်းမှာ တိုးချဲ့ပေးလိုက်ရင် အင်မတန် အဆင်ပြေမယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။

ဒါကြောင့်မို့လို့ လက်ရှိ Town Plan ကို ဘယ်တံတားပြီးရင် ဘယ်တံတား၊ ဘယ်တံတားပြီးရင် ဘယ်တံတား ဆက်လက်လုပ်မယ့် အစီအစဉ် နဲ့ ဒီ တောင်ဒဂုံ၊ မြောက်ဒဂုံ ဆက်သွယ်တဲ့ ပြည်ထောင်စုလမ်းမကြီးကို တိုးချဲ့ပေးမယ့်အစီအစဉ်တွေ ရှိ/မရှိ သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။မေးခွန်းနဲ့ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄) ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၈။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန - ၄)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ နှစ်စဉ် ဘတ်ဂျက်နှစ်အလိုက် ဦးစားပေးအစီအစဉ် ချမှတ်ပြီးတော့ ထပ်မံဆောက်လုပ်မယ့် ခုံးကျော်တံတားများကို သိရှိလိုကြောင်း မေးမြန်းခဲ့မှုနဲ့ ပတ်သက်ပြီးတော့ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ရန်ကုန်မြို့တွင်း ပြည်လမ်းမမှာရှိတဲ့ မြေနီခုံး ခုံးကျော်တံတားကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ ဆောက်လုပ်မှာဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာပဲ မြန်မာ့မီးရထားမှ အင်းစိန်ရထားလမ်း ခုံးကျော်တံတားကို ထပ်မံဆောက်လုပ်မည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ တောင်ဒဂုံ၊ မြောက်ဒဂုံ ဆက်သွယ်တဲ့ ပြည်ထောင်စုလမ်းမကြီးကို တိုးချဲ့ဖောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းခဲ့မှုနဲ့ ပတ်သက်ပြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နဲ့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့ကို ဆက်သွယ်ထားတဲ့ ပြည်ထောင်စုလမ်းမကြီးကို လက်ရှိလမ်းရဲ့ အရှေ့ဘက်မှာ အရံသင့်ရှိနေတဲ့ မြေနေရာအတိုင်း အသွား/အပြန်လမ်း တိုးချဲ့ဖောက်လုပ်သွားရန် အစီအစဉ် ရှိပါတယ်။ လောလောဆယ်အားဖြင့် လမ်းမြေတိုင်းတာမှုများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦးက မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ပုဏ္ဏားကျွန်းမြို့နယ်၊ ကြိမ်ကျွန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောင်အား အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် က ပုဏ္ဏားကျွန်းမြို့နယ်၊ ကြိမ်ကျွန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်အား အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဏ္ဏားကျွန်းမြို့နယ်၊ ကြိမ်ကျွန်းပေါ်မှာရှိတဲ့ ကြိမ်ကျွန်းကျေးရွာဟာ မိုးတွင်းဆိုရင် ရာသီဥတု တော်တော်ဆိုးရွားတဲ့ ကျေးရွာဖြစ်ပါတယ်။ အဲဒီကျေးရွာက မူလတန်းကျောင်းဟာရွာအပြင်မှာ ရှိပါတယ်။ တံခါးပြတင်းတွေ အလုံပိတ်ထားရင်တောင်မှ တစ်နှစ်မှာ (၃)၊ (၄)ခါလောက်မိုးနဲ့လေတိုက်ပြီဆိုရင် ကျောင်းထဲကို ဒီ မိုးနဲ့လေတွေ ဝင်ပြီးတော့ အဝတ်အစားတွေ စိုသွားတယ်။ စာအုပ်တွေ စိုတယ်။ အဲဒါလိုမျိုးတွေ ဖြစ်ပါတယ်။ အခုကတော့ တံခါးပြတင်းတွေလည်း မရှိဘူး။ နံရံတွေလည်း မရှိဘူး။ နောက် ကြမ်းခင်းလည်း မရှိဘူး။ အမိုးနဲ့တိုင် (၂)ခုပဲ ရှိပါတယ်။ ဆိုတော့မိုးရာသီဆိုရင် ကလေးတွေ တော်တော်ဒုက္ခရောက်ပါတယ်။ နှာစီးချောင်းဆိုးပြီးတော့ အဖျားအနာတွေရှိပါတယ်။ ဆောင်းနဲ့နွေဆိုရင်လည်း စာသင်လို့ရပေမယ့် ဒီ ကျောင်းသားဦးရေနဲ့ စာသင်ကျောင်းကမမျှမတ ဖြစ်နေပါတယ်။

အဲဒါကြောင့် ပုဏ္ဏားကျွန်းမြို့နယ်၊ ကြိမ်ကျွန်းကျေးရွာရှိ အ.မ.က ကျောင်းကို အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) မှ ဦးစိုးအောင် က မိတ္ထီလာမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းအား ကျောင်းဆောင်အသစ် တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) မှ ဦးစိုးအောင် က မိတ္ထီလာမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းအား ကျောင်းဆောင်အသစ် တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရဥက္ကဋ္ဌကြီးမှတစ်ဆင့် မိတ္ထီလာမြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းအား ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိတ္ထီလာမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းဟာ မိတ္ထီလာမြို့နယ်၊ အောင်ဆန်းနယ်မြေ ကျောက်ဖူးရပ်ကွက် အတွင်း တည်ရှိပါတယ်။ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်း အထိ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားလျက်ရှိပါတယ်။ အဆိုပါ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းပတ်ဝန်းကျင်တွင် အ.လ.က(ရွှေစစ်သည်)၊ ရွှေစစ်သည်ကျေးရွာအုပ်စုတွင် ကျေးရွာ ပေါင်း(၅)ရွာ၊ အ.လ.က(မွေ)၊ မွေကျေးရွာအုပ်စုတွင် (၁၀)ရွာ၊ အ.လ.က (သိမ်ကုန်း)၊ မြောက်လယ် ကျေးရွာအုပ်စုတွင် (၉)ရွာ၊ အ.လ.က(အလည်ရွာ)၊ အလည်ရွာကျေးရွာအုပ်စုတွင် (၁၃)ရွာ၊ အလက(ခွဲ) ဖက်တော၊ ညောင်ပင်လျိုကျေးရွာအုပ်စုတွင် (၁၃)ရွာ၊ စုစုပေါင်း ရွာပေါင်း(၅၀)တို့မှ အဋ္ဌမတန်းအောင် ကျောင်းသား၊ ကျောင်းသူများသည် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းသို့ လာရောက် ပညာ သင်ကြားလျက်ရှိကြပါတယ်။ ထို့အပြင် ပတ်ဝန်းကျင်ကျေးရွာများရှိ မူလတန်းကျောင်းများဖြစ်သော သီးကုန်း၊ ဆင်စလွယ်၊ ဥယျာဉ်၊ အိုင့်၊ ကျောက်တိုင်၊ မယ်ဇလီပင်၊ နွားစမ်းတောင်၊ ထန်းတော၊ အောင်သာ၊ ရွာသစ်၊ ဆည်ကုန်း၊ အင်းကုန်း၊ ဒီးဒုတ်ကုန်း၊ ကျောက်ဖြူကုန်း၊ ဂဠုန်ကုန်း၊ ငွေ့ကြီး၊ ခံပင်အိုင့်၊ ကြာအင်း၊ မြိုင်သာ၊ မြင်းကန်၊ မြို့သစ်၊ ပို့ဆက် စသည်တို့မှ စတုတ္ထတန်းအောင် ကျောင်းသား၊ ကျောင်းသူများလည်း မိမိတို့ကျေးရွာနဲ့ အနီးဆုံးဖြစ်သော အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းသို့ လာရောက် ပညာ သင်ကြားလျက်ရှိနေကြပါတယ်။

ယခု ၂၀၁၄-၁၅ ပညာသင်နှစ်၌ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူပေါင်း(၂၁၆၉)ဦး ပညာသင်ကြားလျက်ရှိပါတယ်။ အ.ထ.က(၄)တွင် ကံကော်ဆောင်၊ မြတ်လေးဆောင်၊ ဇီဇဝါဆောင်၊ စံပယ်ဆောင်တို့တွင် စာသင်ခန်း(၂၆)ခန်း၊ စကားဝါဆောင်တွင် စာသင်ခန်း(၁)ခန်း၊ သဇင်ဆောင်တွင် စာသင်ခန်း(၁)ခန်းနဲ့ ဟောခန်းရှိရာ ၎င်းဟောခန်းကိုပါ စာသင်ခန်း အဖြစ် အသုံးပြုထားပြီး ကျောင်းသား(၉၅)ယောက် သင်ကြားလျက်ရှိနေကြပါတယ်။ ပတ်ဝန်းကျင် မိသားစုကျောင်းများမှ နှစ်စဉ် ကျောင်းသား၊ ကျောင်းသူ(၆၀၀)ဦးခန့် တိုးတက်လျက်ရှိပါတယ်။ စာသင်ခန်းတစ်ခန်းလျှင် ကျောင်းသား၊ ကျောင်းသူ (၇၀)ခန့် ထားရှိရပါတယ်။ ကျောင်းသားဦးရေနှင့် စာသင်ခန်းအချိုးအရ စာသင်ခန်း (၃၈)ခန်း လိုအပ်မည် ဖြစ်ပါတယ်။

လွန်ခဲ့သော (၃၅)နှစ်က ဆောက်လုပ်ခဲ့သော ပေ(၂၀၀ x ၂၀ x ၃၀) ရှိ မြတ်လေးဆောင်၏ လက်ရှိအခြေအနေမှာ သုံးထားသော သစ်သားများ ကောင်းမွန်ပြီး၊ နံရံများမှာ ယိုင်နေပါတယ်။ အောက်ခင်းများ ပျက်စီးနေပြီး၊ ပြတင်းတံခါးရွက်၊ တံခါးဆံများ အများစု ပျက်စီးနေပါတယ်။ မျက်နှာကြက် မရှိပါ။ လက်ရှိကျောင်းတွင် ကျောင်းသားအင်အားအရ အပေါ်/အောက် (၁၂)ခန်းကို စာသင်ခန်းအဖြစ် အသုံးပြုနေရသော်လည်း စာသင်ချိန်အတွင်း သဘာဝဘေးအန္တရာယ် လေပြင်းပြင်းတိုက်ခိုက်ပါက ကလေးများ၏ အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေဖြစ်နေသည် ဟု ယူဆမိပါသည်။ အ.ထ.က(၄) ကျောင်း၏ ကျောင်းသားဟောင်းများမှလည်း နှစ်စဉ်ကျောင်း၏ လိုအပ်ချက်များကို ကူညီပံ့ပိုးလျက်ရှိရာ ရေသန့်စက်၊ မိတ္တူကူးစက်၊ စာသင်ခုံများကို ဖြည့်ဆည်းပေးခဲ့ပါတယ်။ ထို့အပြင် စာသင်ခန်းတစ်ခန်းနှင့် ဟောခန်းတစ်ခန်းပါ အလျားပေ(၈၀)၊ အနံ(၂၈)ပေ၊ အမြင့်(၁၅)ပေရှိ သဇင်ဆောင်ကိုပါ ဌာနနှင့် ပူးပေါင်း၍ ကျောင်းသားဟောင်းများ၊ မိဘများမှ ဆောက်လုပ်ခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ကျောင်းသားဦးရေနှင့် စာသင်ခန်းလုံလောက်မှုတမှု အမှန်တကယ်မရှိသည် ဖြစ်ပါ၍ မိတ္ထီလာမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းအား ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ (ငွေးပင်) အခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်နေသော ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁ဝး၃၈။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း က မကွေး တိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ (ငွေးပင်) အခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်နေသော ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁ဝး၃၈။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ (ငွေးပင်) အခြေခံပညာအထက်တန်းကျောင်းမှာ လိုအပ်နေတဲ့ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ (ငွေးပင်) အခြေခံပညာအထက်တန်း ကျောင်းဟာ ချောက်မြို့ကနေ (၂၇)မိုင်၊ ရေနံချောင်းမြို့ကနေ (၁၇)မိုင်ကွာဝေးပြီးတော့ ရေနံချောင်း- ချောက် သွားတဲ့ ကားလမ်းမကြီးပေါ်မှာတည်ရှိတဲ့ ကျောင်းတစ်ကျောင်းပဲ ဖြစ်ပါတယ်။ အဆိုပါကျောင်း မှာ ကျောင်းသား၊ ကျောင်းသူပေါင်း စုစုပေါင်း(၁၃၃၉)ဦး ပညာသင်ကြားလျက်ရှိပါတယ်။ ဆရာ၊ ဆရာမ များအနေနဲ့ စုစုပေါင်း(၃၆)ဦးရှိပြီး ပညာသင်ကြားပေးလျက်ရှိပါတယ်။ (ငွေးပင်) အခြေခံပညာအထက်တန်း ကျောင်းမှာ စာသင်ကျောင်းဆောင် (၅)ဆောင်ရှိပြီးတော့ ကျောင်းဆောင်များရဲ့ အခြေအနေကို တင်ပြရ ပါက ၁၉၇ဝ ခုနှစ်က ဆောက်လုပ်ထားတဲ့ ကျောင်းဆောင် (၃)ဆောင်ရှိပါတယ်။

၎င်းကျောင်းဆောင်တွေကတော့ အလျား (၁၂ဝ x ၃ဝ x ၁၆) ပေ တစ်ထပ်ကျောင်းဆောင် (မြတ်လေးဆောင်)၊ အလျား (၁၆ဝ x ၃ဝ x ၁၆) ပေ တစ်ထပ်ကျောင်းဆောင် (ကံ့ကော်ဆောင်) နှင့် အလျား (၈ဝ x ၃ဝ x ၁၆) ပေ တစ်ထပ်ကျောင်းဆောင် (စကားဝါဆောင်) တို့ ဖြစ်ပါတယ်။ ဒါ့အပြင် ၂ဝဝဝ ပြည့်နှစ်က ဆောက်လုပ်ထားတဲ့ အလျား (၁၁ဝ x ၃ဝ x ၁၅) ပေ တစ်ထပ်ကျောင်းဆောင် (စံပယ်ဆောင်) နှင့် ၂ဝဝ၁ ခုနှစ်မှာ ဆောက်လုပ်ခဲ့တဲ့ အလျား (၁၂ဝ x ၃ဝ x ၁၅) ပေ တစ်ထပ် ကျောင်းဆောင် (သဇင်ဆောင်) တို့ ရှိပါတယ်။ အထက်ပါ ကျောင်းဆောင် (၅)ဆောင်အနက် ၁၉၇ဝ ခုနှစ်က ဆောက်လုပ်ခဲ့သော ကျောင်းဆောင်(၃)ဆောင်ထဲကနေ ကျောင်းဆောင်(၂)ဆောင်ဖြစ်တဲ့

မြတ်လေးဆောင်နဲ့ ကုံကော်ဆောင် တို့ဟာ ဒိုင်း၊ မျှား၊ ထုတ်၊ ယောက်၊ အုတ်နံရံများ ယိုယွင်းပျက်စီးနေပြီးတော့ စာသင်ကြားရာမှာ အခက်အခဲ ရှိနေပါတယ်။ ၎င်းကျောင်းဆောင်များဟာ အခုဆိုရင် နှစ်ပေါင်း (၄၀)ကျော် (၄၄)နှစ်ခန့် သက်တမ်းကြာမြင့်ပြီလည်း ဖြစ်ပါတယ်။

ယခုကဲ့သို့ ကျောင်းဆောင်များ ပျက်စီးယိုယွင်းပြီးတော့ ကျောင်းသားအင်အားနှင့် ကျောင်းဆောင် မမျှတမှုကြောင့် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အမှန်တကယ် လိုအပ်နေကြောင်းကိုလည်း ချောက်မြို့နယ် ပညာရေးမှူး၊ ချောက်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်များဖြင့် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်ပညာရေးမှူးရုံး၏ ၁၃-၃-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၇/ထောက်-၁/၂၁၈/၂၀၁၄ ဖြင့် ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ထံ ကျောင်းဆောင်သစ်အား RCC (၂)ထပ် ဆောက်လုပ်ပေးရန်အတွက် ရန်ပုံငွေ ထောက်ခံတင်ပြ တောင်းခံထားပြီးလည်း ဖြစ်ပါတယ်။ တင်ပြထားတဲ့ကျောင်းဆောင်(၂)ဆောင် ပျက်စီးနေသည်မှာ မှန်ကန်ပြီးတော့ ကျောင်းဆောင်နှင့် ကျောင်းသားအင်အား မျှတမှုမရှိတဲ့အတွက် သင့်တော်သည့် RCC (၂)ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ပါရန် အ.ထ.က (ဝွေးပင်) ကျောင်း အဆောက်အဦ ရန်ပုံငွေ တင်ပြတောင်းခံထားသော အမှုတွဲစာအုပ်တစ်အုပ်နဲ့လည်း ထပ်မံတင်ပြ တောင်းခံအပ်ပါတယ်။

သို့ပါ၍ ဒေသခံပြည်သူများကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါ မေးခွန်းများကို မေးမြန်းအပ်ပါတယ်။ (၁) ကျောင်းဆောင်နဲ့ ကျောင်းသားအင်အား မျှတမှု မရှိသော အ.ထ.က (ဝွေးပင်) တွင် သင့်တော်သည့် RCC (၂)ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ။ (၂) ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်မည်တို့ကို သိရှိလိုပါသဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နိုင်ငံတော်ဘတ်ဂျက် ခွင့်ပြုငွေဖြင့် ဆောက်လုပ်သော အမှတ်(၁)အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်း အဆောက်အဦများအား တာရှည်ခံနိုင်ရန်အတွက် အုတ်ညှပ်အဆောက်အဦများအစား RC အဆောက်အဦများအဖြစ် ဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် တူညီသော ကျောင်းအရွယ်အစားအလိုက် တူညီသော ချမှတ်ငွေများ ချထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်မြင့် က နိုင်ငံတော်ဘတ်ဂျက် ခွင့်ပြုငွေဖြင့် ဆောက်လုပ်သော အမှတ်(၁)အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်း အဆောက်အဦများအား တာရှည်ခံနိုင်ရန်အတွက် အုတ်ညှပ်အဆောက်အဦများအစား RC အဆောက်အဦများ အဖြစ်ဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် တူညီသော ကျောင်းအရွယ်အစား အလိုက် တူညီသော ချမှတ်ငွေများ ချထားပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးတင်မောင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်အပေါင်းတို့ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်ဘတ်ဂျက် ပညာရေးဝန်ကြီးဌာနက ခွင့်ပြုငွေဖြင့် ဆောက်လုပ်သော အမှတ်(၁)အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်းအဆောက်အဦများအား တာရှည်ခံနိုင်ရန်နဲ့ အုတ်ညှပ်အဆောက်အဦများ အစား RC အဆောက်အဦများအဖြစ် ဆောက်လုပ်ရန် အစီအစဉ်ရှိ/မရှိ နှင့် တူညီသော ကျောင်းအရွယ်အစားအလိုက် တူညီသောချမှတ်ငွေများ ချထားပေးပါရန် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့အချိန်မှာ နိုင်ငံတော်ဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးကို ဦးတည်လျှောက်လှမ်းနေပြီ ဖြစ်ပါတယ်။ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟာ အဓိကအခန်းမှ ပါဝင်နေပြီ ဖြစ်ပါတယ်။ နိုင်ငံတော်မှ ကျန်းမာသန်စွမ်း၍ ပညာရည်မြင့်မားသော လူသားအရင်းအမြစ်များကို ဖော်ဆောင်နေတဲ့ အချိန်လည်း ဖြစ်ပါတယ်။ သို့ပါ၍ ပညာရေး၊ ကျန်းမာရေးကဏ္ဍများမှာ နိုင်ငံတော်ဘတ်ဂျက် သုံးစွဲမှု တိုးတက်များပြားလာမှုကို တွေ့ရှိလာရပါတယ်။ ပညာရေးအသုံးစရိတ် ဟာ ယခင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၌ ကျပ်(၉၀၈)ဘီလီယံ စုစုပေါင်း အသုံးစရိတ်၏ (၅.၆)ရာခိုင်နှုန်းရှိခဲ့ရာမှ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၌ ကျပ်(၁၁၄၂)ဘီလီယံကျော် စုစုပေါင်းအသုံးစရိတ်၏ (၅.၉)ရာခိုင်နှုန်းအထိ မြင့်တက်လာသည်ကို တွေ့ရှိလာရပါတယ်။

ထိုကဲ့သို့ ပညာရေးအတွက် နိုင်ငံတော်မှ ဘတ်ဂျက်ငွေများ တိုးမြှင့်ချလာသော်လည်း ကျွန်တော်တို့ တနင်္သာရီတိုင်းအတွင်း ဥပဓိရုပ်မကောင်းသဖြင့် အသစ်ဆောက်ရန် ချထားပေးသော ကျောင်းများတွင် အုတ်ညှပ်အဆောက်အဦ မျက်နှာကြက် မပါသော အဆောက်အဦများကို ချမှတ်ပေးနေ တာကို တွေ့နေရပါတယ်။ နိုင်ငံတော်မှ အုတ်ညှပ်အဆောက်အဦများကို ငွေကြေးသက်သာမှုကို အကြောင်းပြု၍ ချမှတ်ပေးခြင်းဖြစ်မည် ဟု ကျွန်တော် ထင်မြင်မိပါတယ်။ တခြားဒေသများတွင်တော့ မပြောတတ်ပါ။ ကျွန်တော်တို့တနင်္သာရီတိုင်းတွင်တော့ အုတ်ညှပ်နဲ့ RC တို့ဟာ ကုန်ကျမှု ထူးမခြားနားဘူး လို့ သိရပါတယ်။ ကျောင်းများကို တနင်္သာရီတိုင်းဒေသကြီး၏ ကြီးကြပ်မှုအောက်တွင် ကန်ထရိုက်စနစ် ဖြင့် တည်ဆောက်ကြသဖြင့် ဆောက်ခွင့်ရသော ကန်ထရိုက်များဟာ ဈေးနှုန်းကြီးမြင့်သည့် တန်းစားဝင် သစ်များကို အသုံးမပြုကြဘဲ တန်ဖိုးနည်း အပေါစားသစ်များကိုသာ အသုံးပြုကြတာကို တွေ့ရပါတယ်။ အုတ်ညှပ်တိုင်များနှင့် ကျည်းပေါင်အဖြစ် အသုံးပြုသော သစ်များသည် တန်းစားဝင်သစ်မာများ ဖြစ်ရမည် ဖြစ်ပါတယ်။ သို့သော် ကျွန်တော်တွေ့ရသလောက် ကျောင်းအချို့မှာ ကညင်သားများကိုပင် သံကျည်းပေါင် များအဖြစ် အသုံးပြုထားကြပါတယ်။ ရေရှည်ခိုင်ခံ့မှုထက် ဈေးနှုန်းသက်သာပြီး ကျောင်းဖြစ်လျှင် ပြီးရော ဆိုသည့် ပုံစံမျိုးသာ ဖြစ်ပါတယ်။ ၎င်းကျောင်းများဟာ နောင်(၅)နှစ်လောက်ကြာလျှင်ပင် ပြင်ဆင်စရိတ် များ ထပ်မံတောင်းခံကြရတော့မှာပါ။ ကျွန်တော် ကြုံဖူးပါတယ်။ ATEO ဖြစ်စဉ်က ထိုကဲ့သို့သော ကန်ထရိုက်ကျောင်း တစ်ကျောင်း နံရံအပြားလိုက်ကြီး လဲပြိုကျခဲ့ပါတယ်။ ကျောင်းသားများ မရှိတဲ့ ညအချိန်ဖြစ်၍သာ တော်ပါတယ်။ နေ့အချိန်ဆိုလျှင် ကျောင်းသားများအတွက် မတွေးဝံ့စရာပါ။

ဘိလပ်မြေနဲ့ ထိစပ်သော သစ်သားတိုင်များ၏ ဆွေးမြေ့နေမှုကြောင့်ဖြစ်ကြောင်း စစ်ဆေး တွေ့ရှိရပါတယ်။ ကန်ထရိုက်များသည် အမြတ်များများ ရရှိရေးကိုသာ ဦးတည်ပြီး လုပ်ငန်းအပေါ် စေတနာမထားသဖြင့် နိုင်ငံတော်အတွက် ပျက်လိုက်ပြင်လိုက်ဖြင့် ဘဏ္ဍာငွေများကို များစွာအသုံးချ

ကြရပေမယ့် ကန်ထရိုက်တိုင်းတော့ မဟုတ်ပါ။ တချို့သော စေတနာပါသော ကန်ထရိုက်များလည်း ရှိကြပါတယ်။ အုတ်ညှပ်ကိုပင် RC ကိုင်ပြီး လုပ်သွားကြပါတယ်။ အမိုးသွပ်ပြားများကိုလည်း အလူဇင့်သွပ်ပြားများဖြင့် မိုးပေးသွားကြပါတယ်။ သို့သော် ထိုကန်ထရိုက်များဟာ မရှုံးကြပါဘူး။

နိုင်ငံတော်က ချပေးသော (၁၂၀ x ၃၀) ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ် အသစ်ဆောက် တစ်ဆောင်ကို အကျိုးတော်ဆောင်အဖြစ် ဒေသခံများနှင့် ဆောက်လျှင် RC အဆောက်အဦ အကောင်းစားတစ်ဆောင် ဆောက်လုပ်နိုင်ပါတယ်။ ကျွန်တော်ကိုယ်တိုင် ၎င်း (၁၂၀ x ၃၀) ပေ အဆောက်အဦကို RC အဆောက်အဦအဖြစ် ထိုင်းနိုင်ငံလုပ် မျက်နှာကြက်ပြား၊ အလူဇင့်သွပ်မိုးပြီး ကျောင်းပတ်လည် အင်္ဂတေရေမြောင်းချကာ အကောင်းစားကျောင်းတစ်ဆောင် ဆောက်လုပ်ခဲ့ပါတယ်။ ၎င်း (၄၃၂)သိန်းကို ပိုတဲ့အပြင် စာသင်ခန်း(၂)ခန်းစာအတွက် စာသင်ခုံမြင့်ရှည် အစုံ(၄၀)စုံကိုပင် လုပ်ပေးနိုင်ခဲ့ပါတယ်။

ကျွန်တော်နှင့်အတူ ပြိုင်တူဆောက်လုပ်ခဲ့တဲ့ ကန်ထရိုက်ကျောင်းကတော့ မျက်နှာကြက်ပြုတ်ကျခြင်း၊ ပြတင်းတံခါးများ ပိတ်မရခြင်းများ ဖြစ်နေခဲ့ပါတယ်။ ဆောက်ပြီး (၂)နှစ်ပင် မပြည့်သေးပါ။ နိုင်ငံတော်မှ ချပေးသော (၁၂၀ x ၃၀) ပေ (၄၃၂)သိန်း၊ (၉၀ x ၃၀) ပေ (၃၂၄)သိန်း၊ (၆၀ x ၃၀) ပေ (၂၁၆)သိန်းတို့သာ RC အဆောက်အဦများ ဆောက်လုပ်ရန် ကျွန်တော်တို့ဒေသအတွက် ယခုအချိန်မှာ လုံလောက်မှု ရှိကြပါတယ်။ RC အဆောက်အဦများသာ ဆောက်စေသင့်ပါတယ်။ ပညာရေးဌာန အနေဖြင့်လည်း ပြင်ဆင်စရိတ် သက်သာ၍ နိုင်ငံတော်အတွက်လည်း အကျိုးရှိမည်ဖြစ်ပါတယ်။

သို့ဖြစ်၍ ကျွန်တော့်အနေဖြင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ နိုင်ငံတော် ဘတ်ဂျက် ပညာရေးဝန်ကြီးဌာနက ခွင့်ပြုငွေဖြင့် ဆောက်လုပ်သော အမှတ်(၁)အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်း အဆောက်အဦများအား တာရှည်ခံနိုင်ရန်အတွက် အုတ်ညှပ်အဆောက်အဦများ အစား RC အဆောက်အဦများ ဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ ပဲ ဖြစ်ပါတယ်။

ဆက်လက်ပြီး အခြေခံပညာကျောင်းများအား ဆောက်လုပ်ခွင့် ချမှတ်ပေးရာမှာ မညီမျှမှုများ ရှိနေတာကို တွေ့ရပါတယ်။ ကျွန်တော်သိရသည့် ကျွန်တော်တို့ လောင်းလုံမြို့နယ်၏ အခြေအနေကိုပဲ တင်ပြပါမယ်။ ကျွန်တော်တို့တိုင်းအတွင်း အခြားမြို့နယ်များမှာလည်း ဤနည်းနှင်နှင်ပဲ ဖြစ်ပါလိမ့်မယ်။

ကျောင်းများကို ငွေကြေးချမှတ်ရာတွင် (၂၀ x ၃၀) ပေ ကို (၄၃၂)သိန်း၊ (၉၀ x ၃၀) ပေ ကို (၃၂၄)သိန်း၊ (၆၀ x ၃၀) ပေ ကို (၂၁၆)သိန်းဖြင့် ချမှတ်ပေးရပါတယ်။ ယခုနှစ် ကျွန်တော်တို့မြို့နယ်တွင် တွေ့ရသည်မှာ တချို့သော ကျောင်းများမှာ (၉၀ x ၃၀) ပေ ကို သွပ်မိုး၊ အုတ်ညှပ်တစ်ထပ် အသစ် ဆောက်ရန်ကို (၂၁၆)သိန်း၊ မျက်နှာကြက်မပါ၊ (၆၀ x ၃၀) ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ် အသစ် ဆောက်ရန်ကို (၁၄၄)သိန်း မျက်နှာကြက်မပါ ဆိုပြီးတော့ ချမှတ်ပေးထားတာကို တွေ့ရပါတယ်။ ဆောက်လုပ်ခွင့်ရသော တချို့သော ကန်ထရိုက်များဟာ ၎င်းဆောက်လုပ်ခွင့်ရသော အဆောက်အဦ များတွင် ပတ်လည်ဒူးပိတ်အထိ အုတ်ကာရံ၍ ကျန်တာကို သံဇကာဖြင့်ကာရံပြီး မျက်နှာကြက်မပါသော ကျောင်းများအဖြစ် ဆောက်လုပ်ထားတာကို တွေ့ရပါတယ်။

အများအားဖြင့် ယခုကဲ့သို့ ချပေးသော ကျောင်းများဟာ အင်မတန်တောကျတဲ့ ကျေးလက် ကျောင်းများ ဖြစ်ကြပါတယ်။ ကျွန်တော်တို့တိုင်းဟာ မိုးရေလက်မ (၂၀၀)ခန့်ရွာသွန်းပြီး မိုးအခါကာလ ဇွန်လမှ အောက်တိုဘာလကုန်အထိ (၅)လခန့် မိုးဥတုကို ခံစားကြရပါတယ်။ မိုးသည်းထန်စွာ ရွာတတ်ပြီး

လေပြင်းနှင့်အတူ မိုးရွာသွန်းတတ်ပါတယ်။ သံဇကာ ကာရံထားသော ကျောင်းများအတွက် မိုးလအခါများတွင် အပြင်ကမိုးရေ စာသင်ခန်းအတွင်းရောက်ပြီး သင်ကြားရေး၊ လုံခြုံရေးအတွက် အခက်တွေ့ရမည်မှာ အမှန်ပင် ဖြစ်ပါတယ်။ ထိုနည်းတူ ကျွန်တော်တို့ဒေသဟာ မြန်မာနိုင်ငံ တောင်ဘက်စွန်းကျ၍ အီကွေတာနှင့်နီးကာ နွေအခါကာလတွင် သတ်မှတ်သော နေရောင်ခြည်ကို တိုက်ရိုက်ခံစားရပါတယ်။ အလွန်ပူသော နွေလများကို ခံစားရပါတယ်။ သွပ်မိုးကျောင်းများတွင် မျက်နှာကြက်မပါ ဆိုတော့ စာသင်ကြားရမည့် ကျောင်းသားရော၊ ဆရာများပါ အပူဒဏ်ကို မသက်မသာ ခံစားကြရမည်မှာ အမှန်ပင် ဖြစ်ပါတယ်။

ထိုကဲ့သို့သော ကျောင်းများတွင် သင်ကြားသင်ယူကြမည့် ကျောင်းသား၊ ဆရာ၊ ဆရာမများ၏ အဖြစ်ကို ချပေးသူများအား ခေတ္တခံစားကြည့်စေချင်ပါတယ်။ ကိုယ်ချင်းစာတတ်စေချင်ပါတယ်။ ယခု ချပေးသောကျောင်းများဟာ တောကျတဲ့ ဆင်းရဲသောကျေးလက်ကျောင်းများ ဖြစ်ပါတယ်။ မြို့ကြီးများမှာ ကျောင်းတွေကို လိုလေသေးမရှိအောင် အဆင့်မီမီ မီဒီယာမျိုးစုံဖြင့် ကျောင်းသားများ ကျန်းမာပျော်ရွှင်စွာ သင်ကြားနိုင်အောင် စီမံထားနိုင်ကြသော်လည်း နယ်ကျောင်းသားများအတွက် နိုင်ငံတော်မှ ကျန်းမာရေးနဲ့ ညီညွတ်မျှတမှု မရှိအောင် ခွဲခြားထားမှုများ၊ ယနေ့ ပညာရေးမြှင့်တင်မှုအတွက် နိုင်ငံတော်ဘတ်ဂျက် တိုးမြှင့်ချထားပေးနေခြင်းတွင် မဖြစ်သင့်တော့ဘူး ဟု ကျွန်တော်ထင်မိပါတယ်။

သို့ပါ၍ ကျောင်းသားများအားလုံးအား ခွဲခြားမှုမရှိဘဲ တန်းတူအခွင့်အရေး ရရှိနိုင်မှုအတွက် ချမှတ်ဆောင်ရွက်ပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြတိုက်တွန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၁။**

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပဏာမ ဂါရဝပြု ဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာဇော်မင်းအောင် က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးလေးဦးရဲ့ မေးခွန်းများကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမဦးဆုံးအနေနဲ့ ရခိုင်ပြည်နယ် အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ ပုဏ္ဏားကျွန်းမြို့နယ်၊ ကြိမ်ကျွန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်အား အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းအား ရှင်းလင်းဖြေကြား ပေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် အခြေခံပညာကျောင်း (၅)ကျောင်းအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ်အောက်မှာ ငွေကျပ်သိန်းပေါင်း(၂၁၀၆)သိန်းအား ခွဲဝေပေးခဲ့ပြီး ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီး တင်ပြလာတဲ့ ကြိမ်ကျွန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလျာထားချက်စာရင်းမှာ ပါဝင်ခဲ့မှု မရှိပါဘူး။ သို့သော်လည်းပဲ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း လျာထားချက်စာရင်းကို ထည့်သွင်းလျာထားပေးမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ မန္တလေးတိုင်းဒေသကြီး အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးအောင် ရဲ့ မိတ္ထီလာမြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းအား ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် အခြေခံပညာကျောင်း (၄)ကျောင်းအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ ခေါင်းစဉ်အောက်မှာ ငွေကျပ်သိန်း(၂၀၄၆) သိန်းအား ခွဲဝေပေးပြီးဖြစ်ပါတယ်။ ဒီနေရာမှာ တင်ပြလိုတာကတော့ ကျောင်းဆောင်သစ်တွေ ဆောက်မယ်ဆိုရင် ငွေလုံးငွေရင်း အသေးစိတ် ဖြစ်တဲ့အတွက် ကြိုတင်ပြီး လျာထားရတာ ဖြစ်ပါတယ်။ ယခုဆိုရင် ဒါ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ကြိုတင်လျာထားဖို့ စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီးတင်ပြခဲ့တဲ့ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ်အောက်မှာ ပေ (၁၂၀ x ၃၀) RC တစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးနိုင်ရေး လျာထားသွားမှာဖြစ်ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါတယ်။

တတိယမေးခွန်းအနေနဲ့ မကွေးတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးအောင်ငြိမ်း ရဲ့ ချောက်မြို့နယ်၊ (ဝွေးပင်) အခြေခံပညာအထက်တန်းကျောင်းမှာ လိုအပ်နေသော ကျောင်းဆောင်သစ် တစ်ဆောင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ အနက် အခြေခံပညာကျောင်း(၃)ကျောင်းအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေ ခေါင်းစဉ်အောက်မှာ ငွေကျပ်သိန်းပေါင်း(၂၂၆၈)သိန်းအား ခွဲဝေပေးပြီး ဖြစ်ပါတယ် ခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး တင်ပြလာသော (ဝွေးပင်) အခြေခံပညာအထက်တန်းကျောင်းကတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း လျာထားချက်စာရင်းမှာ ပါဝင်မှု မရှိခဲ့ပါဘူး။ ဒါကြောင့်မို့လို့ အဆိုပါကျောင်းကို ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေ ခေါင်းစဉ်အောက်မှာ (၁၀၀x၃၀)ပေ RC (၂)ထပ် ဆောက်လုပ်ရန် ထည့်သွင်းလျာထားပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

စတုတ္ထ နောက်ဆုံးမေးခွန်းအနေနဲ့ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတင်မောင်မြင့် ရဲ့ နိုင်ငံတော်ဘတ်ဂျက် ပညာရေးဝန်ကြီးဌာနက ခွင့်ပြုငွေဖြင့် ဆောက်လုပ်သော အမှတ်(၁)အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်း အဆောက်အဦများအား တာရှည်ခံနိုင်ရန်အတွက် အုတ်ညှပ်အဆောက်အဦများအစား RC အဆောက်အဦ

များအဖြစ် ဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ နှင့် တူညီသော ကျောင်းအရွယ်အစားအလိုက် တူညီသော ချမှတ်ငွေများချထားပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းပြီး မေးခွန်းများကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အခြေခံပညာရေးရဲ့ ကျောင်းများ ဆောက်လုပ်ရေးကိုတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကြီးကြပ်ဆောင်ရွက်ခြင်း မရှိပါဘူး။ သို့သော် ကျွန်တော်တို့ ဘတ်ဂျက်ကိုတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ တောင်းခံပြီးတော့ ကျခံပေးသွားတာဖြစ်တဲ့အတွက် စံချိန်စံညွှန်းနဲ့ကိုက်ညီရေးကိုတော့ သက်ဆိုင်ရာ ဒေသအဖွဲ့အစည်းများ၊ ကျောင်းအကျိုးတော်ဆောင်များနဲ့ ပူးပေါင်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒါလေးကို ပဏာမဦးစွာ တင်ပြလိုခြင်း ဖြစ်ပါတယ်။

နောက် ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ယခင်က ပညာရေးကဏ္ဍမှာ ဘတ်ဂျက်ကို တိုးမြှင့်သုံးစွဲနိုင်သေးခြင်း မရှိသေးတဲ့အချိန်မှာ ငွေလုံးငွေရင်းခေါင်းစဉ်အောက်မှ ဆောင်ရွက်ပေးရန် အသစ်ဆောက်လုပ်ရမယ့် ကျောင်းဆောင်တွေ အများကြီးရှိပါတယ်။ ဒါပေမယ့်လည်း ရရှိတဲ့ ဘတ်ဂျက်အနေအထားအရ ကျောင်းဆောင်များ ဆောက်လုပ်ပေးတဲ့အပြင် အန္တရာယ်ရှိနေတဲ့ ကျောင်းတွေ၊ ကျောင်းသားဦးရေအရ အဆောက်အဦ လိုအပ်ချက်ရှိနေတဲ့ ကျောင်းတွေ၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးနေတဲ့ ကျောင်းများကိုလည်း ထိန်းသိမ်းမှုအသွင်နဲ့ ပြင်ပေးဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ ဘဏ္ဍာငွေကို ရရှိတဲ့ ဘဏ္ဍာငွေနဲ့ ကိုက်ညီအောင် အုတ်ညှပ်အဆောက်အဦ များဖြင့်သာ ဆောက်လုပ်ပေးနိုင်ခဲ့တဲ့ အခြေအနေ ဖြစ်ပါတယ်။ ဒါဟာလည်း အားလုံးကို ကျောင်းများကို တစ်ပြိုင်နက်တည်း ပြင်နိုင်ဖို့အတွက် ကျွန်တော်တို့ ဆောင်ရွက်ရတဲ့ အစီအမံမျှသာ ဖြစ်ပါတယ်။ ဒါဟာလည်း အားလုံးသိပြီးဖြစ်တဲ့အတိုင်း ကျောင်းများဟာ နှစ်ပေါင်းများစွာ ပြုပြင်ထိန်းသိမ်းမှု မရှိခဲ့တဲ့အတွက် ပြင်မယ်ဆိုရင်၊ ဆောက်မယ်ဆိုရင် အားလုံး ပြင်စရာ၊ ဆောက်စရာကြီးပါပဲ။ အဲဒီထဲမှာ ရတဲ့ဘတ်ဂျက် အနေအထားငွေအနေအထားနဲ့ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်ပါကြောင်း ဖြည့်စွက်ရှင်းလင်း တင်ပြအပ်ပါတယ်။

ယခုအခါမှာတော့ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများမှာ နိုင်ငံတော်ဘတ်ဂျက် သုံးစွဲမှုရာခိုင်နှုန်းဟာလည်း တိုးမြှင့်သတ်မှတ်ပေးခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ခွဲဝေပေးခဲ့တဲ့ အုတ်ညှပ်ပုံစံမှာ သံဇကာနဲ့ ကာရံထားတဲ့ကျောင်းများ၊ မျက်နှာကြက်မပါတဲ့ အဆောက်အဦများ၊ PAE (၈၀၀၀)နှုန်းဖြင့် ပထမအကြိမ် ခွဲဝေပေးခဲ့ပါတယ်။ ဒါကလည်း ပြုပြင်ထိန်းသိမ်းတဲ့စရိတ်အောက်က ပေးရခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ထပ်ပြီး လိုအပ်တဲ့ဟာတွေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ခုနကပြောတဲ့ ရာသီဥတုဒဏ်ခံနိုင်အောင် လိုအပ်တာများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် PAE Rate (၄၀၀၀)နှုန်းနဲ့ ထပ်မံခွဲဝေပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

အဲဒီတော့ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှစပြီးတော့ အခြေခံပညာ အဆောက်အဦများကို ငွေလုံးငွေရင်း ရန်ပုံငွေအောက်မှ ကျွန်တော်တို့ လျာထားဖို့အတွက်ကတော့ RC ပုံစံများဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ RC တစ်ထပ်ကျောင်းဆောင်များကို PAE Rate (၁၈၀၀၀)နှုန်းနဲ့ တူညီသော ရန်ပုံငွေများ ချမှတ်ပေးလျက်ရှိပါတယ်။ အမှတ်(၁)အခြေခံပညာဦးစီးဌာနအောက်မှာရှိတဲ့ တနင်္သာရီတိုင်းဒေသအတွင်းမှာလည်း အခြေခံပညာကျောင်း (၄၄)ကျောင်းအား RC ပုံစံ ကျောင်းအဆောက်အဦ

အနေဖြင့်သာ ဆောင်ရွက်နေပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ဒီနေရာမှာ ဖြည့်စွက်ပြီး တင်ပြလိုတာကတော့ ကျွန်တော်တို့ ဒေသန္တရရယ် မြေပြင်အနေအထားနဲ့လိုက်ပြီး ကျောင်းများကို ယခုနှစ်က စပြီးတော့ ပုံစံတွေဆွဲပြီး တင်ခိုင်းပါတယ်။ ဆိုလိုတာက တောင်တန်းထူထပ်တဲ့နေရာတွေရှိသလို ရေဝပ်တဲ့နေရာတွေ ရှိပါတယ်။

Places Level လည်းပဲ တစ်ခုနဲ့ တစ်ခု မတူညီနိုင်တဲ့အတွက် ကျွန်တော်တို့က ဒီနှစ်မှာတော့ အသေးစိတ် (Bottom Up) စနစ်နဲ့ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးများက ပုံစံနှင့်တကွတင်ဖို့ ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူသက်ဆိုင်ရာ ဒေသအလိုက် မြေပြင်အနေအထားအလိုက် လိုအပ်တဲ့ အနေအထားများ ဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း ဖြည့်စွက်အစီရင်ခံ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ်ခေတ္တ ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၀၀)နာရီတွင် ခေတ္တရပ်နားပြီး (၁၁း၁၅)နာရီအချိန်တွင် ပြန်လည်ကျင်းပ ပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုဖို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အပိုဒ် ၅ မှ လွဲ၍ ကျန်ပြင်ဆင်ချက်အားလုံးကို သဘောတူ လက်ခံထားပါတယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များနှင့် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂(က)(ခ)၊ အပိုဒ် ၂(ဂ) အပိုဒ်ခွဲ(၄) အပိုဒ်ခွဲငယ်(က)(ဃ)၊ အပိုဒ် ၂(ဃ)

၂။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေတွင် -

(က) ပုဒ်မ ၁၊ ပုဒ်မခွဲ(၂)ကို ပယ်ဖျက်၍ ပုဒ်မခွဲ(၃)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(၃) ဤဥပဒေသည်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည့်အပြင် အလုပ်အမျိုးအစား၊ လုပ်ငန်းအမျိုးအစား၊ အလုပ်ဌာန အမျိုးအစားအားလုံးနှင့် သက်ဆိုင်စေရမည်။

(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် -

(၂) ခွင့်ရက် ဆိုရာတွင် လုပ်သက်ခွင့်ရက်၊ ရှောင်တခင်ခွင့်ရက်၊ ဆေးလက်မှတ်ခွင့်ရက် နှင့် မီးဖွားခွင့်ရက်တို့ ပါဝင်သည်။

(ဂ) ပုဒ်မ ၂၊ ပုဒ်မခွဲ(၄)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(၄) (က) ကိုယ်ပိုင်အလုပ်၊ ကိုယ်ပိုင်စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း သို့မဟုတ် ကိုယ်ပိုင်အလုပ်ဌာန လုပ်နေသည့် အလုပ်ရှင်ဖြစ်လျှင် ထိုအလုပ်ရှင်၏ မိဘ၊ ခင်ပွန်း၊ ဇနီး၊ သားသမီး၊ ညီအစ်ကို(အရင်း)၊ ညီအစ်မ (အရင်း)နှင့် မောင်နှမ အရင်းများ၊

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အကြောင်းအားလျော်စွာ အခကြေးငွေနှင့်သော်လည်းကောင်း၊ လစာငွေနှင့်သော်လည်းကောင်းပေးရန် ပြဋ္ဌာန်းထားသည့် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်များ ရရှိသော နိုင်ငံ့ဝန်ထမ်းများ၊

(ဃ) ပုဒ်မ ၂၊ ပုဒ်မခွဲ(၇)၌ပါရှိသော မှတ်ပုံဝင်ဆရာဝန်ဆိုသည့်စကားရပ်ကို မှတ်ပုံတင်ဆရာဝန်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံဘယဆေးဆိုင်ရာ အက်ဥပဒေဆိုသည့်စကားရပ်ကို မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ တည်ဆဲတရားဥပဒေ တစ်ရပ်ရပ် ဆိုသည့်စကားရပ်ကို တည်ဆဲဥပဒေတစ်ရပ်ရပ်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ နိုင်ငံတော်သမ္မတ ဆိုသည့် စကားရပ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(က)(ခ)၊ အပိုဒ် ၂(ဂ) အပိုဒ်ခွဲ(၄) အပိုဒ်ခွဲငယ်(က)(ဃ)၊ အပိုဒ် ၂(ဃ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(က)(ခ)၊ အပိုဒ် ၂(ဂ) အပိုဒ်ခွဲ(၄) အပိုဒ်ခွဲငယ်(က)(ဃ)၊ အပိုဒ် ၂(ဃ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၃

၁၉၅၁ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲ(၂) နှင့် ပုဒ်မ ၁၄၊ ပုဒ်မခွဲ(၁)တို့၌ ပါရှိသော အများအလုပ်ပိတ်ရက်ဆိုသည့် စကားရပ်ကို အများပြည်သူ အလုပ်ပိတ်ရက် ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၄

၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(၁) ၌ ပါရှိသော ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ အစိုးရရုံးများအတွက် ရုံးပိတ်ရက်များ ဆိုသည့် စကားရပ်ကို ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာဖြင့် နှစ်စဉ် ထုတ်ပြန်ကြေညာသည့် အများပြည်သူ အလုပ်ပိတ်ရက်များ ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၅

၅။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(၃)၏ နောက်တွင် ပုဒ်မခွဲ(၄) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(၄) အလုပ်ရှင်သည် အလုပ်သမားများအတွက် ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံး တစ်ရက်ကို အခကြေးငွေ သို့မဟုတ် လစာငွေအပြည့်ဖြင့် အလုပ်ပိတ်ရက် အဖြစ် သတ်မှတ်၍ ခွင့်ပြုပေးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၀

၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေပုဒ်မ ၁၃ ၌ ပါရှိသော နိုင်ငံတော်သမ္မတ သည် ဆိုသည့်စကားရပ်ကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၃

၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ (၁၉၅၁ ခုနှစ်၊ အက်ဥပဒေ အမှတ်၊ ၅၈) ပါ ဇယားကို ပယ်ဖျက်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) ၏ အခြေခံပညာကျောင်းအားလုံးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သန့်ရှင်းသော သောက်ရေနှင့် သုံးရေ လုံလောက်စွာရရှိရေး နိုင်ငံတော်မှ စီမံကိန်းများချမှတ်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မောင်လေး က အခြေခံပညာကျောင်း အားလုံးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သန့်ရှင်းသော

သောက်ရေနှင့် သုံးရေ လုံလောက်စွာရရှိရေး နိုင်ငံတော်မှ စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးရန် နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဒေါက်တာခင်မောင်လေး အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ကော်မရှင်အဖွဲ့ဝင် ပညာရှင်များအားလုံး ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခအပေါင်းနဲ့ ပြည့်ဝကြပါစေလို့ ဆန္ဒပြုရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်လေး ဖြစ်ပါတယ်။ ကျွန်တော် တင်သွင်းမယ့် အဆိုကတော့ အခြေခံပညာကျောင်းအားလုံးမှာ ကျောင်းကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သန့်ရှင်းသော သောက်ရေနှင့် သုံးရေ လုံလောက်စွာရရှိရေးကို နိုင်ငံတော်ကနေပြီးတော့ စီမံကိန်းများ ချမှတ်ပြီးတော့ ဆောင်ရွက်ပေးရန် အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော် တင်သွင်းမယ့်အဆိုမှာ အင်္ဂလိပ်စကားလုံး အနည်းငယ် အချို့ပါရှိတဲ့အတွက်ကြောင့် ခွင့်ပြုပေးနိုင်ရန် ဥက္ကဋ္ဌကြီးအား ပန်ကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ နိုင်ငံတော်ဟာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ပတ်သက်ပြီးတော့ သန့်ရှင်းတဲ့ သောက်သုံးရေ ရရှိရေးလုပ်ငန်းကို အဓိကလုပ်ငန်းကြီးတစ်ရပ်အဖြစ်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်နေတာကိုလည်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်း ကျန်းမာရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်(၂)ရပ်ဖြစ်တဲ့ လူတိုင်းသက်တမ်းစေ့ အသက်ရှည်ကျန်းမာရေး၊ လူတိုင်း ရောဂါဘယကင်းဝေးရေးနဲ့ ပတ်သက်ပြီးတော့ သန့်ရှင်းရေးနဲ့ ပတ်သက်တဲ့ Sanitation for All ဆောင်ပုဒ်နဲ့အညီ National Five - Year Strategic Plan for Water Supply, Sanitation and Hygiene ၂၀၁၂-၂၀၁၇ ကို ရေးဆွဲပြီးတော့ သန့်ရှင်းတဲ့ သောက်သုံး ရေရရှိရေးနဲ့ အိမ်တိုင်းစေ့ ယင်လုံအိမ်သာ သုံးစွဲရေးမူဝါဒများ ချမှတ်ဆောင်ရွက်နေတာကိုလည်း တွေ့ရှိရပါတယ်။

ကျွန်တော်တို့ မျိုးဆက်သစ် ကျောင်းသားလူငယ်များနဲ့ ပတ်သက်ပြီးတော့လည်းပဲ ကျန်းမာကြံ့ခိုင်ရေးအတွက် ကျောင်းကျန်းမာရေးနဲ့ လူငယ်ကျန်းမာရေးစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ ကျောင်းကျန်းမာရေး အဆင့်မြှင့်ခြင်း စီမံချက်တွေကိုလည်းပဲ ၁၉၉၆ ခုနှစ်ကတည်းက စတင်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာကိုလည်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနဟာ ပညာရေးဝန်ကြီးဌာနနဲ့ ပေါင်းပြီးတော့ နှစ်စဉ် ကျွန်တော်တို့ ဩဂုတ်လတိုင်းမှာ ကျောင်းကျန်းမာရေး သီတင်းပတ်အဖြစ်နဲ့ ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်(၅)ရပ်ကို ကျွန်တော်တို့ အထူးဆောင်ရွက်ခဲ့တာကိုလည်း တွေ့ရှိရပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ ကျောင်းကျန်းမာရေး လုပ်ငန်းစဉ်(၅)ရပ်ကို ကျွန်တော် အနည်းငယ် ရှင်းလင်းတင်ပြလိုပါတယ်။ ဒါကတော့ ဝန်းကျင်သန့်ရေး၊ စစ်ဆေးကျန်းမာ၊ ရောဂါကုလျက်၊ ကူးစက်ကွယ်ကာ၊ အာဟာရဖွံ့ဖြိုး၊ တိုးတက်စေရာ၊ ပညာပေးမှု၊ သုတေသနပြု၊ ပေါင်းစုကျောင်းကျန်းမာ ဆိုတဲ့ လုပ်ငန်းစဉ်ပဲ ဖြစ်ပါတယ်။

ဒီဟာနဲ့ပတ်သက်လို့ ပတ်ဝန်းကျင်သန့်ရှင်းရေးနဲ့ ပတ်သက်လာမယ်ဆိုရင်လည်း ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုတာ အဓိကကတော့ ကျွန်တော်တို့ အိမ်သာ၊ ရေ၊ အမှိုက် စသည့်တို့ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ အိမ်သာဆိုလို့ရှိရင်လည်း ကျောင်းသား(၅၀)မှာ တစ်လုံးရှိ/မရှိ။ အိမ်သာက ထွက်လာလို့ရှိရင် လက်ဆေးဖို့ ရေတို့၊ ဆပ်ပြာတို့ အစဉ်သင့်ထားခြင်း ရှိ/မရှိ။ ဒါတွေဟာလည်း အရေးကြီးပါတယ်။ ရေကောင်းရေသန့် ဆိုလို့ရှိရင်လည်းပဲ ရေကောင်းရေသန့်ရဲ့ အရင်းအမြစ်ကတော့ ကျွန်တော်တို့ သတ်မှတ်ချက်ကတော့ အဝီစိတွင်းတွေ၊ လက်ပုတ်တွင်းတွေ၊ မိုးရေလှောင်ကန်တွေဟာ ကျွန်တော်တို့ သန့်ရှင်းတဲ့ ရေအရင်းအမြစ်အဖြစ် ကျွန်တော်တို့ သတ်မှတ်ထားတာ ဖြစ်ပါတယ်။ အမှိုက်သရိုက်တွေကိုလည်း စွန့်ပစ်မယ်ဆိုလို့ရှိရင် မြေတူးပြီး မြှုပ်မှာလား၊ ကျွန်တော်တို့ မြေဆွေးအဖြစ်နဲ့ သုံးမှာလား၊ ဒါမှမဟုတ်လို့ရှိရင်လည်း မီးရှို့ပစ်မှာလား။ မြို့ပေါ်မှာတွေဆိုလို့ရှိရင်လည်းပဲ စည်ပင်သာယာကို ကျွန်တော်တို့ ကားတွေကို တင်မလား စသည်ဖြင့် ဒါမျိုးတွေနဲ့ ကျွန်တော်တို့ အမှိုက်သရိုက်တွေကိုလည်း စနစ်တကျ သိမ်းဆည်းတဲ့လုပ်ငန်းတွေလည်း ပါဝင်ပါတယ်။

နောက်တစ်ခုကတော့ စစ်ဆေးကျန်းမာ။ ကျောင်းသူ၊ ကျောင်းသားတွေရဲ့ ဒီရောဂါဘယတွေကို ကျွန်တော်တို့ စစ်ဆေးပေးမယ်။ သူတို့ရဲ့ ရှိသင့်ရှိထိုက်တဲ့ အရပ်အမောင်းတွေ၊ ကိုယ်အလေးချိန်တွေ ရှိ/မရှိ ဆိုတဲ့ လုပ်ငန်းရပ်တွေကိုလည်း သုတေသနလုပ်ငန်းအဖြစ်နဲ့ သတ်မှတ်ပြီးတော့ ဆောင်ရွက်မယ်။ နောက်ပြီးတော့ တစ်ကိုယ်ရေသန့်ရှင်းရေးကိုလည်းပဲ ကျွန်တော်တို့ အထူးပဲ အလေးထားပြီးတော့ ဆောင်ရွက်တဲ့ သဘောမျိုးရှိပါတယ်။ နောက်တစ်ခါကျတော့ ကူးစက်ကွယ်ကာတဲ့။ ကူးစက်ရောဂါ ကာကွယ်တဲ့လုပ်ငန်းပါ။ ကာကွယ်တဲ့လုပ်ငန်းမှာလည်းပဲ ကျွန်တော်တို့ ဒီကူးစက်ရောဂါ ကာကွယ်ရေးလုပ်ငန်းလည်း ပါသလို မကူးစက်တတ်တဲ့ရောဂါတွေကိုလည်း ကာကွယ်တဲ့ လုပ်ငန်းတွေကို ကျောင်းသူ၊ ကျောင်းသားအရွယ် ကတည်းက စတင်ပြီးတော့ အလေ့အကျင့်တွေကို ပြုစုပျိုးထောင်ရမှာ ဖြစ်ပါတယ်။ ကူးစက်တတ်တဲ့ ရောဂါကတော့ အဓိကအားဖြင့်တော့ ခြင်တို့၊ ယင်တို့၊ ကြွက်တို့ စသည်ဖြင့် တစ်ဆင့်ကူးစက်တတ်တဲ့ ရောဂါတွေဟာ အဓိကအရေးကြီးပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ တစ်ကိုယ်ရေသန့်ရှင်းရေးကြောင့် ရေကောင်းရေသန့် မရရင် ဖြစ်ပေါ်လာမယ့် ရောဂါတွေ၊ နောက်တစ်ခါကျတော့ ဒီအိမ်သာတွေကို စနစ်တကျမစွန့်ပစ်လို့ရှိရင် ရမယ့်ရောဂါတွေကတော့ ယနေ့ကမ္ဘာကြီးမှာ တစ်နေ့၊ တစ်နေ့ကို လူပေါင်း(၁.၈)သန်းလောက် သေကျေပျက်စီးနေတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါတွေ ဖြစ်ပါတယ်။ ဒါကလည်း များသောအားဖြင့် ကလေးသူငယ်များနှင့် ကျောင်းနေအရွယ် ကလေးသူငယ်များမှာ အဖြစ်များတာကို တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဒီဥစ္စာမှာ သုတေသနပြုကြည့်လိုက်တဲ့အခါကျတော့ လူတစ်ယောက်ဟာ သန့်ရှင်းရေးနဲ့ ကိုက်ညီမယ့် အလေ့အထနဲ့နေမယ်ဆို သူ့ရဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါဟာ (၃၂) ရာခိုင်နှုန်းကို ကျသွားမယ်။ ရေကောင်းရေသန့်ကို သောက်သုံးရမယ်ဆိုလို့ရှိရင် ဝမ်းပျက်ဝမ်းလျှော ရောဂါ (၃၆) ရာခိုင်နှုန်း ကျသွားမယ်။ အဲဒီမှာမှ တစ်ခါထပ်ပြီးတော့ လက်သန့်ရှင်းရေးနဲ့ အညီအမျှနေမယ်ဆိုရင်လည်းပဲ (၄၄)ရာခိုင်နှုန်းလောက် ဒါ ဝမ်းပျက်ဝမ်းလျှောရောဂါတွေ ကျသွားမယ့် သုတေသနလုပ်ငန်းတွေ တွေ့တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီကူးစက်ရောဂါ ကာကွယ်တဲ့နေရာမှာ ဒီရေကောင်းရေသန့်နဲ့ သုံးရေဟာ အဓိကကျတယ် ဆိုတဲ့ အချက်ဟာ ပေါ်လွင်တဲ့အနေအထားမျိုးမှာ ရှိပါတယ်။

အဲဒီတော့ ဒါနဲ့တစ်ပြိုင်နက်တည်းပဲ မကူးစက်တတ်တဲ့ ဒါ ဗဟုသုတအဖြစ်နဲ့ပါ။ မကူးစက်တတ်တဲ့ နာတာရှည်ရောဂါဆိုတာကတော့ သူ့ရဲ့ အသက်အရွယ်နဲ့ လိုက်လျောညီထွေတတ်တဲ့ Balanced diet ခေါ်တဲ့ ကျောင်းတွင်းအာဟာရ ဒီဥစ္စာတွေကိုလည်း သူတို့ စားသုံးရမယ်။ ဒီထဲမှာ အဝလွန်တဲ့ ကလေးတွေ ဆိုလို့ရှိရင်လည်း အချို၊ အဆိမ့်တွေ ရှောင်ဖို့ ပြုဖို့ စသည်ဖြင့် ဒီအပိုင်းတွေလည်း ပါသလို နောက် ကင်ဆာဖြစ်စေတဲ့ အန္တရာယ်အပြုအမူတွေပေါ့။ ဆေးလိပ်တွေ၊ ကွမ်းတွေ၊ အရက်တွေ ဒီဥစ္စာ ကျွန်တော်တို့ ကျောင်းကျန်းမာရေးဘာသာရပ်မှာ ထည့်သွင်းပြီးတော့ ကလေးတွေကို ပညာပေးသွားရမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ကိုယ်လက်လှုပ်ရှားမှုပေါ့။ ဒါ ဒီအပိုင်းနဲ့ပတ်သက်ပြီး ပြောမယ်ဆိုရင်လည်းပဲ ကျောင်းတွင်းမှာပဲ ကျွန်တော်တို့ ဒီအပိုချိန်တွေမှာ ဒီ ကိုယ်လက်လှုပ်ရှားမှုတွေနဲ့ ပတ်သက်လာ ပြီးတော့ အေရိုးဗစ်တို့၊ ကဗျာလွတ်တို့၊ ကာယပညာအတွဲ(၁)(၂)၊ ကျန်တဲ့ မြန်မာ့ရိုးရာ အားကစားတွေ၊ ပြေးခုန်ပစ်တွေ၊ လုပ်ငန်းမျိုးတွေကိုလည်း ကျောင်းတွေက နေပြီးတော့ ပြုစုပျိုးထောင် ရမှာဖြစ်ပါတယ်။ နောက်ဆုံးအချက်အနေနဲ့ကတော့ ကလေးတွေမှာ များသောအားဖြင့် ဖိစီးတတ်တဲ့ Mental Stress ပေါ့။ စိတ်ပူပန်မှုတွေကိုလည်း ကျောင်းတွေမှာပဲ ကလေးတွေကို ကျွန်တော်တို့ ဒါတွေကို နှစ်သိမ့် ဆွေးနွေးပေး ရမယ့် အနေအထားမျိုးတွေမှာ ရှိပါတယ်။

နောက်ဆုံးတစ်ချက်အနေနဲ့ကတော့ ကျွန်တော်တို့ ကျောင်းကျန်းမာရေးပညာပေးတဲ့ လုပ်ငန်းတွေမှာ အထက်မှာရှိနေတဲ့ တစ်ကိုယ်ရေသန့်ရှင်းမှုအပိုင်းတွေ၊ လက်သန့်ရှင်းမှုအပိုင်းတွေ၊ ကာယနဲ့ ပတ်သက်တဲ့အပိုင်းတွေ စသည်ဖြင့် ဒီဗလငါးတန်ကို ပြုစုပျိုးထောင်တဲ့နေရာမှာ ကျန်းမာရေး ပညာပေးတဲ့လုပ်ငန်းဟာ အင်မတန် အရေးကြီးပါတယ်။ သူတို့ရဲ့ ဘဝတွက်တာကျွမ်းကျင်မှုနဲ့ ပတ်သက်ပြီးတော့ မူလတန်းအဆင့်မှာဆို (၃)ကြိမ်၊ အလယ်တန်းအဆင့်မှာဆို (၂)ကြိမ်၊ အထက်တန်း အဆင့်မှာဆို (၁)ကြိမ် စသည်ဖြင့်ဒီလိုအခြေအနေမှာ ပညာပေးတဲ့လုပ်ငန်းတွေကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ဖို့၊ ပညာပေးဖို့လိုပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ကျောင်းတွင်းအာဟာရပါ။ ကျောင်းတွင်းအာဟာရဆိုတာက နွားနို့တိုက်ကျွေးခြင်း အပါအဝင် ကျောင်းတွေမှာရှိနေတဲ့ School Meal Program တွေ ထမင်းဘိုးငွေကိုသုံးမှာလား။ ကျောင်းတွေကနေပြီး ဒီအာဟာရကို ကျွေးမွေးတဲ့ ငွေတွေကိုသုံးမှာလား စသည်ဖြင့် ဒီကလေးတွေရဲ့ School Meal Program နဲ့ ပတ်သက်တဲ့ မူပေါင်းများစွာ ရှိနေတဲ့အထဲကနေပြီး ကလေးတွေရဲ့ Balanced diet တိုက်ရိုက်ဖြစ်မယ့်အဖြစ်နဲ့ အစာအာဟာရတွေကို ကျောင်းတွေမှာ ပြုစုပျိုးထောင်ရမှာဖြစ်သလို နောက်တစ်ပိုင်းကလည်းပဲ မုန့်ပဲသရေစာတွေနဲ့ ပတ်သက်လာလို့ ရှိရင်လည်း အစားအစာ အန္တရာယ်ကင်းဝေးရေး လုပ်ငန်းတွေကိုလည်း ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဒီဥစ္စာလေးကို ကျွန်တော်တို့ ကျောင်းနဲ့ပတ်သက်လာပြီး ပြောရမယ်ဆိုလို့ရှိရင် ဒီကျောင်းတွေဟာ လူမှုအဖွဲ့အစည်းနဲ့ အဓိကပြောမယ်ဆိုရင် အခြေခံအကျဆုံး ဒီဥစ္စာဟာ ဌာနတစ်ခု ဖြစ်တယ်။ နောက်ပြီးတော့ ဒီလိုကျောင်းတွေကနေပြီးတော့ ပညာသင်ပေးတဲ့နေရာတင် မကဘဲနဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေ ဖြန့်ဖြူးပေးတဲ့ဌာန ဖြစ်တယ်။ ဗလငါးတန် ပြုစုပျိုးထောင်ပေးတဲ့ ဌာနဖြစ်တယ်။ လူငယ်ချင်းတွေဟာ တစ်ယောက်နဲ့တစ်ယောက် ထိတွေ့ပြီးတော့ မိသားစုတစ်စုနဲ့တစ်စု အယူအဆတွေ၊ အဲဒီအကျင့်စရိုက်တွေ၊ ဖလှယ်တဲ့နေရာတွေဖြစ်တယ်။ နောက်တစ်ခါကျတော့ လူတစ်ယောက်ရဲ့ဘဝရှေ့ရေး၊ ဘဝတစ်သက်တာမှာ သူတို့ရဲ့အသိပညာ၊ အယူအဆနဲ့ အလေ့အကျင့်တွေ ပျိုးထောင်ပေးတဲ့ဥစ္စာက ကျောင်းနေအရွယ်မှာ ပျိုးထောင်ပေးတဲ့ ဥစ္စာဟာ အင်မတန်မှ အရေးကြီးတယ်။

ပြီးတော့ ထိရောက်မှုလည်း ရှိတယ်ဆိုတဲ့ဥစ္စာက ဒီကမ္ဘာပေါ်မှာ တွေ့ရှိနေရတဲ့ ကလေးသူငယ်များကို ပြုစုပျိုးထောင်ပေးခြင်းများဟာ အဓိကကျတဲ့ အခန်းကဏ္ဍကနေပြီးတော့ ပါနေပါတယ်။ တစ်နည်း အားဖြင့် လူတစ်ယောက်ရဲ့ဘဝကို ပြုစုပျိုးထောင်တာ ဖြစ်သလို ကျောင်းကျန်းမာရေးကနေပြီးတော့က အခုနကပြောတဲ့ ကျန်းမာရေးအသိပညာတွေကို ပြုစုပျိုးထောင် ပေးလိုက်ခြင်းအားဖြင့်လည်းပဲ တစ်ချိန်တုန်းက ကျောင်းကျန်းမာရေးအစ စာသင်ကျောင်းက ဆိုပြီးတော့ ကျွန်တော် ပျော်ဘွယ်မြို့နယ်မှာ လွန်ခဲ့တဲ့နှစ်ပေါင်း အစိတ်လောက်က ဆေးရုံမှူးအဖြစ်နဲ့ တာဝန်ထမ်းဆောင်စဉ်ကာလ အတောအတွင်းမှာ ပညာရေးဌာနနှင့် ပူးပေါင်းပြီးတော့ ကျွန်တော်တို့ ပျော်ဘွယ်မြို့နယ်မှာ ကျောင်းကျန်းမာရေးဆရာဝန် မရှိပါဘူး။

ကျောင်းကျန်းမာရေးဆရာဝန် ဆိုတာလည်း မြန်မာတစ်နိုင်ငံလုံးမှာ မြို့ပေါင်း(၈၀)မှာပဲ ရှိပါတယ်။ အဲဒီတော့ ကျန်တဲ့ ကျောင်းကျန်းမာရေးဆရာဝန် မရှိတဲ့ မြို့နယ်မှာတော့ ဒီလိုပဲ မြို့နယ်အခြေခံ ကျန်းမာရေးဝန်ထမ်းတွေကနေပြီးတော့ ဆောင်ရွက်ခဲ့တဲ့ အနေအထားမျိုးတွေမှာ ဒီပညာရေးဌာနနဲ့ ကျန်းမာရေးဌာနက လက်တွဲညီညီ ဆောင်ရွက်မယ်ဆိုလို့ရှိရင် အင်မတန်မှ အောင်မြင်တဲ့ အနေအထား မျိုးတွေ ရှိခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အခု ဒီကျောင်းတွေနဲ့ပတ်သက်ပြီးတော့ လွှတ်တော်တွေ ရပ်နားတဲ့အခါမှာလည်း ကွင်းဆင်းပြီးတော့ ပြည်သူလူထုတွေနဲ့ထိတွေ့တဲ့ အခါမှာလည်းပဲ များသော အားဖြင့် သူတို့ရဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ပတ်သက်တဲ့ လိုအပ်ချက်တွေကို အဓိကထားပြီးတော့ ဆွေးနွေးကြပါတယ်။ ဆွေးနွေးတဲ့အကြောင်းအရာများကလည်း ကျောင်းတွေကို သွားရောက်လေ့လာတယ်။ ကျန်းမာရေးစောင့်ရှောက်မှု အနေအထားကိုလည်း သွားရောက် ပြီးတော့ လေ့လာရပါတယ်။

အဲဒီတော့ လေ့လာတဲ့အခါမှာ ပညာသင်ကျောင်းတွေနဲ့ပတ်သက်ပြီးတော့ တွေ့ရှိရတဲ့ဥစ္စာ ကတော့ တချို့ကျောင်းတွေမှာ စက်ရေတွင်းတွေ ရှိပြီးတော့။ တချို့ကျောင်းတွေမှာ စက်ရေတွင်းတွေ မရှိဘူး။ စက်ရေတွင်းရှိတဲ့ ကျောင်းတွေကတော့ ရေကောင်းရေသန့်တွေကို သောက်ရတယ်။ နောက်တစ်ခါ ကျတော့ အိမ်သာသုံးတဲ့ရေအတွက်လည်း အသုံးဝင်ပြီးတော့ တချို့ကျောင်း တွေကျတော့ အဆင်မပြေ တာတွေ အများကြီးတွေ့ပါတယ်။ တချို့ယင်လုံအိမ်သာတွေ ဆောက်ထားတယ်။ အိမ်သာတွေဟာ ရေမရှိလို့ အသုံးမပြုနိုင်တဲ့ အနေအထားမျိုးတွေ၊ နောက်တစ်ခါ ယင်လုံအိမ်သာ ဆောက်တာက နေပြီးတော့ ယင်မလုံတော့ဘဲနဲ့ ခုနကပြောတဲ့ တွင်းအိမ်သာတွေ၊ ပိုးလိုးပက်လက် အိမ်သာတွေ စသည်ဖြင့် ရေကိုအသုံးမပြုနိုင်တဲ့ ဒါမျိုးတွေ တွေ့ရပါတယ်။

အဲဒါနဲ့ပတ်သက်ပြီးတော့ ပြည်ခရိုင်အတွင်းမှာ ကျွန်တော်တို့ ပညာရေးဌာန အကူအညီနဲ့ စာရင်းဇယားကို Power Point လေးနဲ့ တင်ပြခွင့်ပြုပါ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ ကျွန်တော်တို့ ပဲခူးတိုင်း၊ ပြည်ခရိုင်၊ ပညာရေးမှူးရုံးရဲ့ အကူအညီနဲ့ ပြည်ခရိုင် (၆)မြို့နယ်မှာရှိတဲ့ ပြည်၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ ပေါင်းတည်၊ သဲကုန်း၊ ရွှေတောင် စသည်ဖြင့် မြို့ပေါင်း(၆)မြို့နယ်မှာ ကျွန်တော်တို့ အဝီစိတွင်း မရှိတဲ့ကျောင်း စာရင်းကောက်ယူလိုက်တဲ့အခါကျတော့ ဒီမှာ ကျွန်တော်တို့ အ.ထ.က၊ အ.ထ.က(ခွဲ)၊ အ.လ.က၊ အ.လ.က(ခွဲ)၊ မူလွန်၊ အ.မ.က၊ အ.မ.က(ခွဲ)၊ နောက်တစ်ခါ ကိုယ်ထူကိုယ်ထ စသည်ဖြင့် နေရာမလပ်ကောက်ယူလိုက်တဲ့အခါကျတော့ တွေ့ရှိရတဲ့အတိုင်းပဲ ကျွန်တော်တို့ ပေါင်းတည် မှာ (၁၀၄)ကျောင်း၊ ရွှေတောင်မှာ (၉၃)ကျောင်း၊ ပန်းတောင်းမှာ (၂၆)ကျောင်း၊ ပေါက်ခေါင်းမှာ (၁၂၄) ကျောင်း၊ သဲကုန်း (၁၃၀)၊ ပြည် (၅)ကျောင်း စသည်ဖြင့် စုစုပေါင်း(၅၃၅)ကျောင်း အဝီစိတွင်း မရှိတဲ့

အတွက်ကြောင့် ရေကောင်းရေသန့်လည်း မသောက်ရဘူး။ အိမ်သာသုံးရေတွေလည်း မလုံမလောက် ဖြစ်တာကို တွေ့ရပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ဒီဥစ္စာကို ဘယ်လောက်လောက် Percentage ကျွန်တော်တို့ အဝီစိတွင်းမရှိဘူးလဲ။ ကြည့်လိုက်တဲ့အခါကျတော့ အထက်တန်းမှာဆိုလို့ရှိရင်တော့ (၃၂.၂၅)ရာခိုင်နှုန်း အထက်တန်းမှာမရှိဘူး။ အလယ်တန်းမှာဆိုရင်တော့ (၃၃.၃)ရာခိုင်နှုန်း၊ မူလတန်းမှာဆိုလို့ရှိရင်တော့ (၅၃.၈)ရာခိုင်နှုန်း၊ အားလုံးခြုံပြီးပြောရမယ်ဆိုလို့ရှိရင်တော့ (၅၂.၂၉)ရာခိုင်နှုန်းရှိသော ကျောင်းများမှာ ကျွန်တော်တို့ အဝီစိတွင်း မရှိတာကို သွားတွေ့ရတဲ့အတွက်ကြောင့် ဤကျောင်းမှာနေသော ကျောင်းသူ၊ ကျောင်းသားများဟာ မည်သည့် ရေကောင်းရေသန့်နဲ့ပတ်သက်ရင် ဘယ်လိုရေမျိုးတွေ သောက်သုံးနေပါ သလဲ။ သူတို့တွေ သုံးစွဲနေတဲ့အိမ်သာတွေကတော့ ကျွန်တော်တို့ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အိမ်သာတွေ ရော ဖြစ်မှဖြစ်ပါ့မလား ဆိုတဲ့ ဒီဥစ္စာက ဒီအန္တရာယ်လေးကို ကျွန်တော်ကြိုပြီးတော့မှ တွေးမြင်မိတဲ့ အတွက်ကြောင့်လည်း ဒီအဆိုလေးကို တင်ဖြစ်တာပဲ ဖြစ်ပါတယ်။ အဲဒီတော့ ဒီဥစ္စာနဲ့ ပတ်သက်ပြီးတော့ တစ်ချိန်တုန်းကတော့ ကျွန်တော်တို့ကျန်းမာရေးဌာနကနေပြီးတော့၊ ကျောင်းကျန်းမာရေးဌာနက နေပြီးတော့ တစ်ဆင့်ပေါ့၊ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနစိတ်ကနေပြီးတော့ ကျောင်းတွေကို အဝီစိတွင်းတွေကိုတူးပေးတယ်။ တူးဖို့ပိုက်တွေလည်းပေးတယ်။ နောက်တစ်ခါ အိမ်သာတွေ၊ ဘာတွေ၊ ပန်းခြံတွေကို သွားဖို့အတွက် ရေသွယ်ပိုက်တွေကို ပေးတယ်။ အိမ်သာတွေနဲ့ ပတ်သက်ပြီးတော့လည်း အိမ်သာခွက်တွေနဲ့ သွပ်မိုးတွေ၊ သွပ်ရိုက်သံကစပြီးတော့ အကုန်လုံးထောက်ပံ့ပေးတဲ့ အစဉ်အလာ ရှိပါတယ်။

နောက် တချို့ရေရှားတဲ့ အရပ်ဒေသတွေပေါ့။ ဒလလို နေရာမျိုးတွေမှာ ဆိုလို့ရှိရင် မိုးရေ လှောင်ကန်တွေကို သုံးစွဲပြီးတော့ကာ ဆောက်လုပ်ပြီးတော့ သုံးစွဲနေတဲ့အနေအထားမျိုးတွေ ရှိပါတယ်။ အဲဒါကြောင့်မို့လို့ ဒီလိုစာရင်းဇယားကောက်ယူမှုအရ ဒီဥစ္စာကတော့ဖြင့် (၅၀)ရာခိုင်နှုန်းကျော်ကျော် လောက်ကတော့ ရေကောင်းရေသန့်တွေ မသောက်သုံးရဘူး။ သုံးရေတွေလည်း မလုံလောက်ဘူးဆိုတာ ဖြစ်တဲ့အတွက်ကြောင့် ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ ဒီ အခြေခံပညာ တစ်နိုင်ငံလုံးနဲ့ ယှဉ်ပြီးတော့ ကျောင်းအားလုံးမှာ ကျောင်းကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် သန့်ရှင်းသော သောက်ရေနဲ့သုံးရေ လုံလောက်စွာရရှိရေးကို နိုင်ငံတော်မှစီမံကိန်းများ ချမှတ် ဆောင်ရွက်ပေးပါဆိုတဲ့ အဆိုကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အမျိုးသားရေးအသိ စိတ်ဓာတ်ဖြင့် တင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၃၈။**

**ဦးတင်ရှန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)က ဒေါက်တာခင်မောင်လေး ရဲ့ အဆိုကို ကျွန်တော် ဦးတင်ရှန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က ထောက်ခံအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါက်တာခင်မောင်လေး တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ အခြေခံပညာကျောင်းအားလုံးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သန့်ရှင်းသော သောက်ရေနှင့်သုံးရေ လုံလောက်စွာ ရရှိရေး နိုင်ငံတော်မှ စီမံကိန်းများချမှတ်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဒေါက်တာခင်မောင်လေး ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဒေါက်တာခင်မောင်လေး တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၃)ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် (၁၄)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်(ဗုဒ္ဓဟူးနေ့) နေ့လယ် (၁)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၁၁း၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]